
ဗုဒ္ဓသာသနဘာရော ဘာဝသံ ဝဟိတဗ္ဗော

"ငါသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ်ထမ်းဆောင်ရမည်။"

# သာထွန်းပြန်း

၁၃၇၈ ခုနှစ်၊ ကဆုန် - နယုန်၊ ၂၀၁၆ ခုနှစ်၊ ဇွန်လ၊ အတွဲ (၂၁)၊ အမှတ် (၁၀)

ဓမ္မစာစောင်



## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး - ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ၇၃၃၈၂
ရက်စွဲ ၈.၆.၁၆
သုတေသနစာကြည့်တိုက်

# သာထွန်းပြန့် ဓမ္မစာစောင်

ဗုဒ္ဓသာသနာရေး အထူးပင်ပေါ်ပေါက်ပေစေ

ငါသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ်ယွင်းဆောင်ရမည်

အတွဲ (၂၁)၊ အမှတ် (၁၀)၊ ၁၃၇၈ ခုနှစ်၊ ကဆုန် - နယုန်၊
၂၀၁၆ ခုနှစ်၊ ဇွန်လ

**နာယကကြီးများ**

သူရဦးအောင်ကို (ပြည်ထောင်စုဝန်ကြီး)
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ဦးမြင့်ဦး
ဒေတ္တညွှန်ကြားရေးမှူးချုပ်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

**စာတည်းချုပ်**

စိုးမင်းထွန်း

**တာဝန်ခံစာတည်း**

တက္ကသိုလ် သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

**ပရ(ဖ်)အယ်ဒီတာ**

ဦးကြည်မြင့် (သာသနဓဇ ဓမ္မာစရိယ)

**ထုတ်ဝေသူ**

ဦးစိုးမင်းထွန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်)
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
မှတ်ပုံတင်အမှတ် - ၀၁၃၆၇

## မာတိကာ

၄ လယ်တီဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ

၅ မျက်နှာဖုံးပုံရိပ်
"နယုန်လနှင့် မဟာသမယသုတ်"

၇ စာတည်းအာဘော်
"အမျိုးဘာသာ သာသနာအတွက် ကြောင့်ကြမဲ့နေကြရန် အချိန် မဟုတ်ပါပြီ"

၉ နင်းသောက်ပန်းပမာ — မောင်သောင်း (ဆင်စွယ်)

၁၀ ဆရာတို့၏ဆန္ဒမွန် — ဖြူသီးအောင်

၁၁ ဆည်းဆာ — မိုးပြို (မင်းပြား)

၁၂ မိလိန္ဒပဉှာ

၁၅ ခင်ပွန်းကြီးဆယ်ပါး — အရှင်ကုမာရ

၁၉ ထေရဝါဒခရီးသည် (၁) — ကိုရင်ရွှေဗျိုင်း - နေနတ်သား

၃ ချမ်းသာစစ်ကို ဝေမျှခြင်း — သထပ (ကျမ်းပြု)

၈ နွေရာသီမှာ ရွာတဲ့မိုး — ပြည့်သခင်

၃ မယားကောင်း မယားမြတ် အကြံဉာဏ် လင်သားစံ
ဇာတ်လမ်း - တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ - ဘီအေ)
ပန်းချီ - တင်ထွန်းထွန်း

၁ သီလဖြင့် အလှဆင်ပါ — မိုးနန္ဒ - ခန္တီးမြေ

၆ စန္ဒကုမာရဇာတ်တော်လာ လင်သားအတွက် မယား၏
သစ္စာတန်ခိုး နိုင်ကြည်မြင့် (သာသနဓဇ ဓမ္မာစရိယ)

၉ အမျှကုသိုလ် ပေးဝေလို — ထက်ခေါင်

၃ ရင်နှစ်သည်းခြာ အလီမ္မာကဏ္ဍ — ဖူးပွင့်ဝေ

၆ မြန်မာနိုင်ငံရှိးရာ ပါဠိစာပေသင်ကြားရေး
ဦးအောင်သိန်းညွန့်

Traditional Pali Studies in Myanmar

**Trans: by U Aung Thein Nyunt**

၉ ပြည်တွင်းသာသနာရေးသတင်းမှတ်တမ်း — လမင်း





[illegible]

ဒေါ်စိုးမိုးသူ (ဦးစီးအရာရှိ)
ဒေါ်ဝင်းမာ (ဦးစီးမှူး)
ဒေါ်ဝင်းကြည်
ဇေယျာလှိုင်မင်း (သထပ - ကွန်ပျူတာ)

ပုံနှိပ်သူ

ဦးသန့်စင်ထွန်း (မြဲ - ၀၁၁၀၄)
ရွှေပြည့်စုံ ပုံနှိပ်တိုက်
အမှတ် (၃၄)၊ ၁၅၇ လမ်း၊ တာမွေ။



# လယ်တီဆရာတော်

# အရှင်ဉာဏဓဇ

၏

# ဩဝါဒကထာ

- လောကဓာတ်၌ ခပ်သိမ်းသောသတ္တဝါတို့၏ ဓမ္မတာသဘောကား ဒုက္ခကင်းမှု၊ ချမ်းသာလိုမှု ဤနှစ်မှုသည် အချုပ်အခြာပဓာနမှုတည်း။
- ယခုလောက၌ ပုပုရွရွ နေ့နေ့ညည ကြံကြစည်ကြ၊ ပြောကြဆိုကြ၊ သွားကြလာကြ၊ အားထုတ်ကြသောသူတို့၏ အမှုကို၊ အလိုကို လိုရင်းအချုပ် ကောက်ယူလိုက်သည်ရှိသော် ဒုက္ခကင်းရှင်းဖို့၊ သုခကိုရဖို့ အားထုတ်ကြသော အမှုချည်းသာတည်း။
- ဒုက္ခ [illegible] ချက်၊ ဒုက္ခအချုပ်၊ ဒုက္ခအခြာ ဆိုသည်ကား ဇရာ၊ မရဏ တရားနှစ်ပါးတည်း။
- သုခအမှန်ဆို [illegible] သည်ကား ထိုဇရာ၊ မရဏဘေးကျွတ်လွတ်မှုတစ်ခုသည်သာ သုခအစစ်၊ သုခအမှန်ဖြစ်သတည်း။

# နယုန်လ နှင့် မဟာသမယသုတ်

ရှေးအခါက အိန္ဒိယနိုင်ငံတွင် ကပိလဝတ်ပြည်မှ လယ်သမားများနှင့် ကောလိယပြည်မှ လယ်သမားတို့ ရောဟိနီမြစ်မှ ရေကို အကြောင်းပြု၍ ရေလုပွဲဆင်နွှဲခဲ့ကြ၏။ လယ်သမားတို့ကို အကြောင်းပြု၍ နှစ်ဖက်နိုင်ငံမှ မင်းညီမင်းသားများနှင့်စစ်သည်တော်များသည်လည်း ရောဟိနီမြစ်ရှိရာသို့ ရောက်လာကြပြီး နှစ်ဖက်နိုင်ငံမှ လူအများ တုတ်၊ဓား၊ လက်နက်များ ကိုင်ဆောင်၍ ထိုးခုတ် တိုက်ခိုက်တော့မည့် အခြေအနေသို့ ရောက်ရှိနေကြ၏။

ပဋိပက္ခဖြစ်သည့်နေရာသို့ မြတ်စွာဘုရားရောက်ရှိလာပြီး ငြိမ်းချမ်းရေးတရားကို ဟောကြားတော်မူခဲ့ပါသည်။

၁။ ဝက်ဝံနှင့်ရုက္ခစိုးနတ်တို့ ရန်ငြိုးဖွဲ့မှား၍ နှစ်ဦးစလုံး ပျက်စီးကြပုံ၊ ``ဖန္ဒနဇာတ်``

၂။ မြေပြိုပါပြီဟုထင်ကြေးဖြင့် ဟစ်အော်ထွက်ပြေးသော ယုန်တစ်ကောင်၏စကားကို ယုံမှား၍ တိရစ္ဆာန် များအပြေးမှားပြီး ဆင်းရဲဒုက္ခရောက်ကြရပုံ၊ ``ဒုဒ္ဒုဘဇာတ်``

၃။ အားသေးသော နှံစုတ်ငှက်မက အားကြီးသောဆင်ပြောင်ကြီးကို အနိုင်ယူဖူး၍ ရန်သူကိုအထင်မသေးသင့်ပုံ၊ ``လဋုကိကဇာတ်``

၄။ ညီညွတ်စဉ်ခါက ရန်သူ၏လက်မှလွတ်မြောက်သော်လည်း စိတ်ဝမ်းကွဲ၍ အချင်းချင်းမညီမညွတ်ဖြစ် လာသောအခါ ငုံးငှက်များ မုဆိုး၏ပိုက်ကွန်၌ အမိခံရပုံ၊ ``သမ္မောဒမာနဇာတ်``

၅။ သက်မဲ့ဖြစ်သော သစ်ပင်များ ပင်တစ်စုတစ်ဝေးတည်းနေ၍ လေဘေးအန္တရာယ်မှ ကင်းဝေးနိုင်ပုံ၊ ``ရုက္ခဓမ္မဇာတ်``

၆။ မိမိကိုယ်ကိုထိန်းသိမ်းဆုံးမရန် ``အတ္တဒဏ္ဍ``ကို ထုတ်ဆောင်ဟောပြဆုံးမတော်မူပါသည်။

အထက်ပါသာဓကကို နာကြားရသောအခါ နှစ်ဖက်တိုင်းပြည်မှ လယ်သမားနှင့် မင်းညီမင်းသား စစ်သည်တော်များသည် ဒေါသမီးငြိမ်းကာ လက်နက်များကို စွန့်ပယ်၍ မေတ္တာဓာတ်များသက်ဝင်လာကြပြီး တစ်ဖက်လျှင် ၂၅၀ စီ နှစ်ပြည်ထောင်မှ မင်းသားငါးရာတို့

သာသနာ့ဘောင်သို့ဝင်၍ ရဟန်းပြုကြလေသည်။

ထိုရဟန်းတော်များသည် ဇနီးမယားကို အောက်မေ့တမ်းတပြီး သာသနာ့ဘောင်တွင် မပျော်မွေ့ဘဲ ရှိကြရာ မြတ်စွာဘုရားရှင်က ဟိမဝန္တာတောအတွင်း ကုဏာလရေအိုင်သို့ တန်ခိုးတော်ဖြင့် ခေါ်ဆောင်၍ ကုဏာလငှက်မင်း၏ ဇာတ်အကြောင်းကို ဟောပြောတော်မူရာ တရားအဆုံး၌ ရဟန်းငါးရာလုံး သောတာပန်တည် ဖြစ်တော်မူသွားကြပါသည်။

မြတ်စွာဘုရားသည် ကုဏာလရေအိုင်မှ ကပိလဝတ်ပြည်အနီး မဟာဝုန်တောကြီးသို့ သောတာပန်ရဟန်း ငါးရာအတူ ပြန်လည်ကြွတော်မူလာပြီး ဆက်လက်တရားအားထုတ်ရာ ရဟန်းတော်အားလုံး ရဟန္တာများ ဖြစ်တော်မူကြပါသည်။

ရဟန်းငါးရာတို့သည် မိမိတို့ရရှိပြီးသော တရားထူးများကို လျှောက်ထားရန် မြတ်စွာဘုရားကို ဖူးမြော်ရန် နယုန်လပြည့်ညအချိန်တွင် မြတ်စွာဘုရားထံသို့ စု၍ ရောက်ရှိလာကြကုန်၏။ ဤကဲ့သို့ ထူးခြားသော သံဃာ့အစည်းအဝေးကြီးကို တွေ့မြင်ကြည်ညိုကြကုန်သော နတ်ဗြဟ္မာ အသုရာနှင့် ဂဠုန်၊ နဂါးတို့သည် မဟာဝုန်တောကြီးသို့ စုရုံး ရောက်ရှိလာကြပါသည်။

မြတ်စွာဘုရားရှင်လက်ထက်တော်အခါက နယုန်လပြည့်နေ့တွင် ဤကဲ့သို့ နတ်ဗြဟ္မာများစုရုံးစည်းဝေး မိသောအချိန်ကို မဟာသမယဟုခေါ်ဆိုပါသည်။ ထိုသဘင် အစည်းအဝေး၌ အမည်နာမအမျိုးမျိုးကို ထုတ်ဖော်မြွက်ကြားနှုတ်ခွန်းဆက်သောအားဖြင့် မိန့်ကြားသောစကားတော်များကို မဟာသမယသုတ်ဟု ခေါ်ဆိုပါသည်။ ဤမဟာသမယသုတ်ကို အမြဲ ရွတ်ဖတ်ပါက နတ်များ၏ ချစ်ခင်မှုကို ခံရကြောင်း အိမ်သစ်၊ တိုက်သစ်၊ နေရာသစ် မင်္ဂလာယူလိုသောပုဂ္ဂိုလ်တို့သည် ဤမဟာသမယသုတ်ကို ရွတ်ဆိုဖတ်ကြားသင့်ကြောင်း သည်တစ်ပတ်မျက်နှာဖုံးပုံရိပ်အဖြစ် တင်ပြလိုက်ရပါသည်။

# အမျိုးဘာသာ သာသနာအတွက် ကြောင့်ကြမဲ့နေကြရန် အချိန်မဟုတ်ပါပြီ

မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ်(၁၄၈)ခုတွင် ပရိနိဗ္ဗာန်စံဝင်ပြီးနောက် ရှင်မဟာကဿပ၊ ရှင်ဥပါလိ၊ ရှင်အာနန္ဒာတို့ဦးဆောင်သော ပဋိသမ္ဘိဒါပတ္တရဟန္တာ (၅၀၀)တို့က ပထမသံဂါယနာတင်ခဲ့ကြပြီး ဘုရားရှင်ဟောကြားခဲ့သော ဓမ္မ၊ ဝိနယတို့ကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်နုတ်ခြင်းမပြု မူရင်းအတိုင်း အတည်ပြု ပြဋ္ဌာန်းထားခဲ့ကြပါသည်။

ထို့နောက် နှစ်(၁၀၀)ကြာတွင် ဝေသာလီပြည်၌ ပြောင်းလဲပြင်ဆင်ရေးဝါဒီတို့က အဓမ္မ(၁၀)ပါးကို ရှေ့တန်းတင်ကာပြုပြင်ပြောင်းလဲရေးကို ပြုလုပ်ခဲ့ကြသဖြင့် အရှင်ယသ၊ အရှင်သဗ္ဗကာမိမထေရ်တို့က မူလဝါဒကို ထိန်းသိမ်းခဲ့ကြပါသည်။ ထိုထိန်းသိမ်းသောဝါဒကို ထေရဝါဒ ဟူ၍ခေါ်ခဲ့ကြပြီး မူရင်းမလိုက်နာသောပြင်ဆင် ပြောင်းလဲရေးဝါဒီတို့၏ဝါဒကို မဟာသံဃိကဝါဒဟူ၍ ခေါ်ခဲ့ကြသည်။ ဤတွင် မူရင်းဝါဒကို ထိန်းသိမ်းစောင့်ရှောက်သော သံဃာထုက အားနည်းပြီး ပြင်ဆင်ပြောင်းလဲပြီး မူရင်းကို မထိန်းလိုသော သံဃာထုက အားများလာခြင်းကြောင့် မဟာသံဃိကဂိုဏ်းဟူသောစကားလုံးက ထင်ရှားလာသည်၊ ထိုဂိုဏ်းသည် နောင်တွင် ဗုဒ္ဓဘာသာ၌ မဟာယာနဖြစ်လာခဲ့ရပါသည်။

BC(၂၃၆)တွင် ယသမထေရ်၊ သဗ္ဗကာမိမထေရ်တို့၏ ဝါဒကို ဝရဏမထေရ်၊ တိဿမထေရ်၊ မဟိန္ဒမထေရ်တို့က ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခဲ့ပါသည်။

ထိုနှစ်များဆီက ဓမ္မဒူတသာသနာပြုများဖြင့် ဓမ္မနိုင်ငံတော်ကြီးကို အကျယ်ဆုံးချဲ့ထွင်သာသနာပြုခဲ့ကြပါသည်။

ယောနကတိုင်း (ဂရိ၊ အာဖဂန်နစ္စတန်နှင့် တူရကီနိုင်ငံများ)သို့ မဟာရက္ခိတမထေရ်တို့ ကြွရောက်ခဲ့ကြပြီး ကာဠကာရာမ သုတ်ဖြင့် ဗုဒ္ဓသာသနာမျိုးစေ့ကို စတင်စိုက်ပျိုးခဲ့ကြပါသည်။

ဟိမဝန္တာနှင့် စိန့်တိုင်း(တိဘက်၊ တရုတ်၊ ဘူတန်၊ ခိုတန်၊ ဆစ်ကင်း)ဆီသို့ မဇ္ဈိမထေရ်ဦးဆောင်ကြွ၍ ဓမ္မစက္ကပ္ပဝတ္တနသုတ်ဖြင့် သာသနာမျိုးစေ့ကို စတင်စိုက်ပျိုးကြပါသည်။

ကသ္မိရနှင့်ဂန္ဓာရတိုင်း(ကသျှမီးယားနှင့် ပါကစ္စတန်)တို့သို့ မဇ္ဈန္တိကမထေရ် ဦးဆောင်ကြွ၍ အာသီဝိသောပမသုတ်ဖြင့် ဓမ္မမျိုးစေ့ကို ကြဲချစိုက်ပျိုးခဲ့ကြသည်။

လင်္ကာဒီပ(သီဟိုဠ်၊ သီရိလင်္ကာ)သို့ မဟိန္ဒထေရ်နှင့် သင်္ဃမိတ္တာထေရီတို့ ဦးဆောင်ကြွ၍ စူဠဟတ္ထိပဒေါပမသုတ်ဖြင့် ဓမ္မမျိုးစေ့ကို စိုက်ပျိုးခဲ့ကြပါသည်။

အရှေ့တောင်အာရှ(သုဝဏ္ဏဘူမိ)သို့ သောဏထေရ်၊ ဥတ္တရထေရ်တို့ ဦးဆောင်ကြွ၍ ဗြဟ္မဇာလသုတ် ဖြင့် ဓမ္မမျိုးစေ့ကို စိုက်ပျိုးခဲ့ကြပြီး ဓမ္မနိုင်ငံတော်ကြီးများကို တည်ထောင်ခဲ့ကြသလို ဗုဒ္ဓဓမ္မအင်ပါယာကို ချဲ့ထွင်ခဲ့ကြပါသည်။

ဤမဟာထေရ်အဆက်ဆက်တို့၏ ဝါဒကို သီဟိုဠ်ကျွန်း၌ မဟာဓမ္မရက္ခိတမထေရ် ဦးဆောင်သော သံဃာတော်များက ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပါသည်။

ထို့နောက် နှစ်ပေါင်း(၁၀၀၀)ခန့်ကာလတွင် အိန္ဒိယ(ဇမ္ဗူဒီပ)မှာ သာသနာသည် တဖြည်းဖြည်းကွယ်ခဲ့ပြီး လင်္ကာဒီပနှင့် သုဝဏ္ဏဘူမိတို့မှာလည်း သာသနာသည် ဖုံလုံတစ်လှည့်ဆိုသကဲ့သို့ ဖြစ်နေရသည်။ ဝိနည်းလည်းလျော့၊ သုတ္တန်လည်းလျော့၊ အဘိဓမ္မာလည်း ပေါ့နေသည်မှာ နှစ်(၂၀၀၀)နီးပါး ကြာခဲ့ပြီဟု ဆိုရပါမည်။

အောက်ခြေတွေဆွေး၊ အမိုးအကာတွေပေါက်ကွဲ၊ အခင်းတွေကျိုးပဲ့ တိုင်များကယိုင်နဲ့နေပြီးသော အိမ်ကြီးတစ်လုံးကို သစ်သားအသစ်များဖြင့် မူရင်းပုံစံအတိုင်း ပြန်လည်တည်ဆောက်ရမည်ဖြစ်သလို ယနေ့အဓမ္မဝါဒများ လွှမ်းမိုးလာခြင်း၊ ကျေးလက်ဒေသ(၈၀၀၀၀)မျှရှိသော ကျေးရွာများရှိ ရွာဦးကျောင်းဘုန်းကြီးများ၊ မြို့ပေါ်ရှိ ဂန္ထဓုရ၊ ဝိပဿနာဓုရ မလုပ်ကြဘဲ ကိုယ်ကျောင်းကိုယ်ထိုင်ပြီး တာဝန်မဲ့နေကြသော သံဃာတော်များသည် ဤဗုဒ္ဓသာသနာတော်ကို အခြားဘာသာများက လာရောက်ထိုးဖေါက်နေခြင်းကို ဥပေက္ခာပြုနေကြခြင်း၊ အမျိုးဘာသာ-သာသနာကို ရှေးသာသနာပြုဆရာတော် သံဃာတော်များကဲ့သို့ အသိသတိဖြင့် မကာကွယ် မစောင့်ရှောက်ဘူးဆိုလျှင်- ဤနိုင်ငံ ဤသာသနာသည် အိန္ဒိယ၊ ပါကစ္စတန်၊ အင်ဒိုနီးရှား၊ မလေးရှား၊ အာဖဂန်နစ္စတန်ကဲ့သို့ ဖြစ်သွားကြမည်ကို သတိပြုကြပါရန် အလေးအနက်ထားသတိပေး တိုက်တွန်းအပ်ပါသည်။

# နှင်းသောက်ပန်းပမာ




✱ လောဘ ဒေါသ မောဟမီးတွေ
ကမ္ဘာတစ်ဝှမ်း မငြိမ်းချမ်းပေ
ကျူးကျော်တိုက်ခိုက် သိမ်းပိုက်ယူနေ
ယမ်းငွေ့လွှမ်း လောင်ကျွမ်းကမ္ဘာ့မြေ။

✱ ထေရဝါဒ ဗုဒ္ဓဘာသာ
ကမ္ဘာတစ်လွှား ပြန့်ပွားလို့လာ
လောဘ ဒေါသ မောဟပယ်ခါ
ဆောင်းဦးပေါက် နှင်းသောက်ပန်းပမာ။

မောင်သောင်း (ဆင်စွယ်)

# ဆရာတို့၏ဆန္ဒမွန်



◆ အာနင့် စရိယ၊ နှစ်ပုဒ်စပ်သော်
ဆရာခေါ်တွင်၊ အနက်ထင်၏။

◆ အာ – ပုဒ်အရ၊ အစမူလ ဦးစွာကဟု
ရည်ညွှန်းပြု၍၊ စရိယမှာ
ပညာအတတ်၊ အကျင့်မြတ်များ
ပြည့်စုံထားရာ၊ အာစရိယဆိုသူ
ပုဂ္ဂိုလ်ဟူက၊ အနန္တဂိုဏ်းဝင်
ကျေးဇူးရှင်ဟု၊ သိမှတ်ပြု၏။

◆ မြတ်ဆရာများ၊ သင်ကြားပို့ချ
လမ်းညွှန်ပြ၍၊ ဘက်စုံကျွန
အတ္တ – ပရ၊ လောကအကျိုး
သယ်ပိုးထမ်းရွက်၊ လုပ်ဆောင်ချက်တွင်
အပျက်ကိုအကောင်း၊ အဟောင်းမှအသစ်
ညစ်ထေးသမျှ၊ အပြတ်သုတ်သင်
ဘဝင်သန့်ရှင်း၊ အကုသိုလ်ကင်းစေ
ကောင်းကျိုးဝေကာ၊ ပြည်ရွာအလှ
ဆင်မြန်းကြ……။

မြတ်ဆရာများသို့ ဂါရဝဦးညွှတ်လျက်

ဖြူသီးအောင်(ကျောက်ဖြူ)

# ဆည်းဆာ



စက္ကန့်နာရီ၊ ပတ်ချာလည်
ရာသီလနှစ်၊ သက္ကရာဇ်
တစ်ရစ်စီပြောင်း၊ ချိန်ကြာညောင်း
ကောင်းဆိုးနှစ်တန်၊ လောကဌာန်
ဖန်ဖန်ကြုံတွေ့၊ ဘုံဓလေ့
မွေ့ပျော်လျှောက်လှမ်း၊ ဘဝလမ်း
ဖြတ်သန်းလျက်လေ၊ ရမ္မက်ပွေ
ဖွေရှာစီးပွား၊ မငြီးတွား
သမီးသားရေး၊ တတွေးတွေး
ပြေးလွှားမမော၊ လောကတော
သောကအပူ၊ မောဟထူ
ဆံဖြူစိပ်စိပ်၊ ဇရာရိပ်
ပြည့်သိပ်ကွက်ကွက်၊ ဦးထိပ်ထက်
ပြက်ပြက်ထင်ထင်၊ မှန်ရှေ့မြင်
သခင်္ခါရဘေး၊ ဘယ်ဆီပြေး
တေးပဍ္ဍင်ကျူး၊ တိမ်ပန်းရူး
ဆည်းဆာမြူးမြူး၊ လေပြည်ဖြူး
မိုးဦး နွေဦး ဟေမန်ဦး။ ။

မိုးပြို(မင်းပြား)

# မိလိန္ဒပဉှာ

## ပရိနိဗ္ဗာန်ပြုပြီးသော ဘုရားရှင်အား ပူဇော်၍ အကျိုးရှိသလော

အရှင်နာဂသေနဘုရား၊ တိတ္ထိတို့သည် ဤသို့ ပြောဆိုကြပါကုန်၏။ ဘုရားရှင်သည် ပူဇော်သက္ကာရကို အကယ်၍ သာယာငြားအံ့၊ ဘုရားရှင်သည် ပရိနိဗ္ဗာန်ပြုပြီးသူမဟုတ်နိုင်ပေ။ လောကနှင့်ဆက်နေစပ်နေသေး၏။ ထို့ကြောင့် ဘုရားရှင်အား ပူဇော်ခြင်းသည် အကျိုးရှိ၏။ အကယ်၍ ပရိနိဗ္ဗာန် ပြုခဲ့ငြားအံ့၊ လောက သုံးပါးနှင့် မဆက်စပ်တော့သဖြင့် ထိုဘုရားရှင်အား ပူဇော်၍ မဖြစ်နိုင်တော့ပေ။ ပရိနိဗ္ဗာန် စံဝင်ပြီး၍ တစ်စုံတစ်ခုသောပူဇော်သက္ကာရကိုမျှ မသာယာတော့သော ဘုရားရှင်အား ပူဇော်ခြင်းသည် အကျိုးမရှိချေ။

"ဤသို့လျှင် တိတ္ထိတို့က ဆိုကြပါကုန်၏။ ဤပြဿနာကားပဋိသမ္ဘိဒါ ဉာဏ်ရသော ပုဂ္ဂိုလ်မြတ်တို့၏အရာသာ ဖြစ်ပါ၏။ မှားယွင်းသော အယူကွန်ယက်ကို ခွဲဖျက်တော်မူ၍ မှန်ကန်သောသဘော တစ်ခုတည်းကိုသာ ဖြေကြားတော်မူပါလော့။ နောက်နောင်အခါ သာသနာ့တာဝန် ထမ်းဆောင်ကြရမည့် ဘုရားသားတော်များအတွက် အယူတစ်ပါးကွာခြားသော ပုဂ္ဂိုလ်တို့ကို နှိမ်နင်းနိုင်ရန် ပညာမျက်စိကို ပေးတော်မူပါလော့"

"မင်းမြတ်၊ ဘုရားရှင်သည် ပရိနိဗ္ဗာန်ပြုတော်မူပေပြီ။ ဘုရားရှင်သည် ဗောဓိပင်ရင်း၌ ပင်လျှင် သာယာတပ်မက်မှုကို ပယ်စွန့်တော်မူခဲ့ပြီ။ သို့ဖြစ်၍ ရုပ်နာမ်ခန္ဓာ အကြွင်းအကျန် မရှိတော့သော အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ဝင်စံလေပြီးသော ဘုရားရှင်သည် ပူဇော်သက္ကာရကို အဘယ်မှာလျှင် သာယာတော်မူပါတော့မည်နည်း"

"အရှင်ဘုရား၊ သားကလည်း ဖခင်၏ ဂုဏ်ကျေးဇူးကို ပြောဆိုတတ်ပါ၏။ ဖခင်ကလည်း သား၏ဂုဏ်ကျေးဇူးကို ပြောဆိုတတ်ပါ၏။ ယခုအရှင်ဘုရားမိန့်ကြားသော စကားသည် ဤကဲ့သို့ ဖြစ်မြဲ ဓမ္မတာအတိုင်းသာ ရှိနေပါသေး၏။ မိမိ၏ယုံကြည်ချက်ကို ထုတ်ဖော်ရုံမျှသာ ရှိနေပါသေး၏။ အယူတစ်ပါးကွာခြားသော ပုဂ္ဂိုလ်တို့အား နှိမ်နင်းရန် အကြောင်းအချက်များ မပါဝင်သေးပါ။ နှစ်ဖက်အစွန်းထွက်နေသော ဤပြဿနာ၌ မိမိ၏ အယူတည်တံ့နိုင်မြဲစေရန် လည်းကောင်း၊ အယူတစ်ပါးကွာခြားသော ပုဂ္ဂိုလ်တို့၏ မိစ္ဆာကွန်ယက်ကို ခွဲဖျက်နိုင်စေရန်လည်းကောင်း တပည့်တော်အား နိုင်လုံသော အကြောင်းများပြ၍ မိန့်ကြားတော်မူပါဘုရား"

"မင်းမြတ်၊ ဥပမာအားဖြင့် ယောကျ်ား

တစ်ယောက်သည် စည်ကို တီးခတ်၍ အသံမြည်စေရာ၏။ မြည်ဟိန်းပြီးနောက် ပျောက်ကွယ်သွားသော ထိုစည်သံသည် နောက်ထပ်တစ်ဖန်ထွက်ပေါ်လာမည့်အသံများကို သာယာပါသေးသလော''

''အရှင်ဘုရား၊ မသာယာတော့ပါ''

''မင်းမြတ်၊ သို့ဖြစ်လျှင် နောက်ထပ်တစ်ဖန် စည်သံမထွက်နိုင်တော့ပြီလော''

''အရှင်ဘုရား၊ ထိုသို့မဟုတ်ပါ။ စည်သည် စည်သံထွက်ပေါ်ခြင်း၏ အကြောင်းရင်းဖြစ်ပါသည်။ သို့ဖြစ်၍ ထိုယောကျ်ားသည် စည်တီးရန် ကိစ္စတစ်ခုခု ပေါ်ပေါက်လာသောအခါ ထိုစည်ကိုတီးခတ်၍ နောက်ထပ်တစ်ဖန် စည်သံထွက်ပေါ်စေနိုင်ပေ၏''

''မင်းမြတ်၊ ဤအတူသာပင် ဘုရားရှင်သည် သီလ၊ သမာဓိ၊ ပညာ၊ အရဟတ္တဖိုလ်၊ ပစ္စဝေက္ခဏာဉာဏ်တော်တို့ဖြင့် မွှမ်းထုံအပ်သော ဓာတ်တော် ရတနာတို့ကိုလည်းကောင်း၊ သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူသော သာသနာတော်ကိုလည်းကောင်း၊ ကိုယ်တော်စားထားတော်မူခဲ့၍ အနုပါဒိသေသ နိဗ္ဗာန်ဝင်စံတော်မူ၏။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူသွားသော်လည်း လူ နတ် နိဗ္ဗာန် သုံးတန်သော စည်းစိမ်ချမ်းသာရရှိခြင်းကား ပြတ်တောက်မသွားချေ။ စည်းစိမ်ချမ်းသာ ရလိုသူတို့သည် ဓာတ်တော်ရတနာကို ပူဇော်၍ လည်းကောင်း၊ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ သုံးဖြာသော သာသနာတော်တို့၏ အဆုံးအမကို လိုက်နာကျင့်သုံး၍ လည်းကောင်း လူ နတ် နိဗ္ဗာန် သုံးတန်သောချမ်းသာကို ရရှိကြကုန်၏။ ထို့ကြောင့် ပရိနိဗ္ဗာန်ပြုတော်မူပြီးသော ဘုရားရှင်အား ပူဇော်ခြင်းသည် အကျိုးရှိသည်သာတည်း။

''မင်းမြတ်၊ နောက်နောင်အခါ၌ ဖြစ်ပေါ်လာမည့် အရေးအခင်းကို သင်မင်းမြတ် လျှောက်ထားသကဲ့သို့ပင် ဘုရားရှင်လည်း မြင်တော်မူခဲ့သည်သာဖြစ်၏။ ထို့ကြောင့် ပရိနိဗ္ဗာန်စံဝင်တော်မူခါနီးတုန်းက အာနန္ဒာ၊ တရားတော်တို့သည် ဟောကြားခဲ့သော ဆရာသခင် ဘုရားရှင်နှင့်ကင်းကွာခဲ့ချေပြီ။ ငါတို့မှာ ဆရာမရှိတော့ပြီဟူ၍ သင်တို့ မထင်မှတ်ကြကုန်လင့်။ အာနန္ဒာ၊ ငါဘုရားဟောကြား၍ ထားရစ်ခဲ့သော သုတ် ဝိနည်း အဘိဓမ္မာ သုံးဖြာသော သာသနာတော်သည် သင်တို့၏ဆရာ ဖြစ်ပေလတ္တံ့''ဟု ဟောကြားတော်မူခဲ့ပေ၏။

''မင်းမြတ်၊ အခြားအကြောင်းတစ်မျိုးကိုလည်း နာဦးလော့။ ဤမြေကြီးသည် ငါ့အပေါ်၌ မျိုးစေ့အားလုံးတို့မှ အပင်ပေါက်စေသတည်းဟု သာယာပါသလော''

''အရှင်ဘုရား၊ မသာယာပါ''

''မင်းမြတ်၊ သာယာခြင်းမရှိသော်ငြားလည်း မျိုးစေ့တို့သည် မြေကြီးပေါ်၌ အပင်ပေါက်လာကြကုန်၏။ သန်စွမ်းသောအမြစ်များဖြင့် ထွေးယှက်ကြကုန်၏။ ခိုင်ခံ့သော ပင်စည်အနှစ် တည်ရှိလာကြကုန်၏။ အခက်ကြီးအခက်ငယ်တို့ ကျယ်ပြန့် စည်ပင်လာကြကုန်၏။ အသီးအပွင့်တို့ ဝေဝေဆာဆာ ဖြစ်လာ

ကြကုန်၏။ ဤသို့ ဖြစ်လာရသည်မှာ အဘယ့်ကြောင့်ပါနည်း''

''အရှင်ဘုရား၊ မြေကြီးသည် အပင်များ ပေါက်ရောက် လာစေရန် သာယာခြင်း မရှိပါ သော်လည်း ပေါက်လာလေသမျှ အပင်များ၏ တည်ရာဌာန ဖြစ်နေပါ၏။ ထို့ကြောင့်ပင် ဤသို့ ဖြစ်ပေါ်လာရပါပေ၏''

''မင်းမြတ်၊ မြေကြီးကဲ့သို့ ဘုရားရှင်ကို မှတ်သားအပ်၏။ မြေကြီးသည် တစ်စုံတစ်ခု သော အပင်ကိုမျှ မသာယာသကဲ့သို့ ဘုရားရှင် သည် တစ်စုံတစ်ခုသော ပူဇော်သက္ကာရကိုမျှ မသာယာပေ။ မသာယာသော မြေကြီးပေါ်၌ အပင်မျိုးစုံတို့ပေါက်ရောက်ရှင်သန်လာကြဘိ သကဲ့သို့ သာယာခြင်းကင်းစွာ ပရိနိဗ္ဗာန် ပြု တော်မူပြီးသော ဘုရားရှင်၏ ဓာတ်တော်ကို ပူဇော်၍လည်းကောင်း၊ သုံးဖြာသော သာသနာ တော်၏ အဆုံးအမကို လိုက်နာကျင့်သုံး၍ လည်းကောင်း၊ ကုသိုလ်တရားတို့ တိုးပွားလာ ကြရကုန်၏။ ကုသိုလ်သည်ကား အမြစ်နှင့်တူ ၏။ သမာဓိကား ပင်စည်အနှစ်နှင့်တူ၏။ သီလကား အကိုင်းအခက်နှင့်တူ၏။ ဝိမုတ္တိကား အပွင့်နှင့်တူ၏။ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကား အသီးနှင့်တူကုန်၏။ ဤ အကြောင်းတို့ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူပြီးသော ဘုရားရှင်အား ပူဇော်ရခြင်းသည် အကျိုးရှိပေ၏။

''မင်းမြတ်၊ နန္ဒက မည်သော ဘီလူး သည် အရှင်သာရိပုတ္တရာကို ပြစ်မှားမိသော ကြောင့် မြေမျိုခံရကြောင်းကို ကြားဖူးပါ၏ လော''

''အရှင်ဘုရား၊ ကြားဖူးပါ၏။ ဤ အကြောင်းသည် လောက၌ ထင်ရှားပေ၏''

''မင်းမြတ်၊ အရှင်သာရိပုတ္တရာသည် နန္ဒကဘီလူး မြေမျိုခံရခြင်းကို သာယာပါသ လော''

''အရှင်ဘုရား၊ ဗြဟ္မာပြည်နှင့် တကွသော လောကကြီး တစ်ခုလုံးထက်အောက် ပြောင်းပြန် လန်သော်လည်းကောင်း၊ လ-နေ နှစ်ပါးတို့ မြေပြင်ပေါ်သို့ ကျလာသော်လည်းကောင်း၊ မြင်းမိုရ်တောင်ကြီး ဖရိုဖရဲကျဲပြန့်သွားသော် လည်းကောင်း အရှင်သာရိပုတ္တရာသည် သူတစ် ပါးဆင်းရဲခြင်းကို မသာယာနိုင်ပါ။ အမျက် ထွက်ခြင်း၏ အကြောင်းရင်းကို အကြွင်းမဲ့ ပယ်နုတ်ပြီး ဖြစ်ပေ၏''

''မင်းမြတ်၊ အရှင်သာရိပုတ္တရာက မသာ ယာပါလျက် နန္ဒကဘီလူးသည် အဘယ့်ကြောင့် မြေမျိုခံရပါသနည်း''

''အရှင်ဘုရား၊ အကုသိုလ်ကံ အားကြီး လှသောကြောင့် မြေမျိုခံရပေ၏''

''မင်းမြတ်၊ အကုသိုလ်ကံ အားကြီးလှ သောကြောင့် မသာယာသော ပုဂ္ဂိုလ်အား ပြစ် မှားခြင်းသည် အပြစ်ဒဏ်ကိုရစေနိုင်၏။ ဤမှ ပြန်သောအားဖြင့် သာယာခြင်းကင်း၍ ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသော ဘုရားရှင်အား ပူဇော်ခြင်း သည် အကျိုးရှိပေ၏''

''အရှင်ဘုရား၊ များယွင်းသော အယူတို့ ပျက်စီးသွားကြပါကုန်ပြီ။ မကောင်းသော အယူ ရှိသော တိတ္ထိတို့ အရောင်အဝါ ကင်းမဲ့သွားကြ ပါကုန်ပြီ''

# ခင်ပွန်းကြီးဆယ်ပါး

အဂ္ဂမဟာပဏ္ဍိတ အရှင်ကုမာရ

ဥစ္စာပျက်သည်

ငြိုငြင်လှစွာ၊ ရ ဥစ္စာ၊ ဆုံးကာ ပျက်တတ်သည်။

ဘုန်းကြီးတို့ ပရိသတ်တွေ မိမိတို့ စီးပွားဥစ္စာရှာရတာ အင်မတန်ခက်ခဲပါတယ်။ ငြိုငြင်လှပါတယ်။ ဘေးအန္တရာယ်များလှပါတယ်။

အေး-အဲဒီလို စီးပွားဥစ္စာရှာရတာ ခက်ခဲသလောက် ကုန်ရတာကျတော့ လွယ်လိုက်တာ၊ ဈေးအနေနဲ့ပြောရင် ဈေးတွေကလည်း သိပ်ကြီးတော့ "ရှာခက်ကုန်လွယ်" ပေါ့။

ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းနဲ့ နဖူးကချွေး ခြေမကျအောင် ရှာထားတဲ့ပစ္စည်းတွေ၊ မင်းဘေးစိုးဘေး၊ ခိုးသူဘေးစတဲ့ ဘေးပေါင်းများစွာတွေကို ရင်ဆိုင်ပြီး ခဲယဉ်းစွာ ရှာဖွေလို့ ရထားတဲ့ ပစ္စည်းတွေဟာ ဒဏ်သင့်သူမှာ ပျက်စီးဆုံးပါးသွားတတ်ပါတယ်။

အေး- ဒဏ်သင့်လို့ ပျက်စီးသွားတာကို ဟောပြောပြသပေးမယ့် ပုဂ္ဂိုလ်က မရှိတော့ မသိနိုင်ပါ။ မသိတော့ အလိုလို ပျက်တယ်လို့ ထင်တတ်ပါတယ်။

အလိုလို ပျက်တာ မဟုတ်ပါ။ အလိုလိုပျက်တယ်၊ အကြောင်းမဲ့သက်သက် ပျက်တယ် ဆိုရင် အဟေတုကဒိဋ္ဌိ ဖြစ်မှာပေါ့။

အေး-စီးပွားဖြစ်တယ်ဆိုတာ ကုသိုလ်ကြောင့် ဖြစ်သလို စီးပွားပျက်တယ်ဆိုတာ အကုသိုလ်ကြောင့်ပါ။ အကြောင်းမရှိ မဟုတ်ပါ။ အကြောင်းရှိပါတယ်၊ အဲဒီအကြောင်းက ဘာလဲဆိုရင် မပြစ်မှားသင့်၊ ဒဏ်မထားသင့်တဲ့ ပုဂ္ဂိုလ်တစ်ဦးဦးကို ပြစ်မှားဒဏ်ထားလို့ စီးပွားပျက်တာပါ။

**အင်္ဂါပျက်စီး**

အေး-အဲဒါကြောင့် ဘုန်းကြီးတို့ ပရိသတ်တွေ အထူး သတိထားပါ။ မပြစ်မှားသင့်တဲ့ ပုဂ္ဂိုလ်တွေကလည်း မိမိတို့အနားမှာ ဝိုင်းဝိုင်းလည်နေတာပါ။

## ခြေလက်စစ္စာ၊ ကိုယ်အင်္ဂါ၊ ပျက်ခါယွင်းတတ်သည်။

အေး-မိမိရဲ့အမိက မွေးပေးတုန်းက ကိုယ်အင်္ဂါအစိတ်အပိုင်းတွေဟာ အပြည့်အစုံပါပဲ။ မပြစ်မှားသင့် မပြစ်မှားထိုက်တဲ့ ခင်ပွန်းကြီးဆယ်ပါး တစ်ပါးပါးကို ပြစ်မှားမိရင် ခြေလက်စတဲ့ အင်္ဂါအစိတ်အပိုင်းတစ်ခုခု ပျက်စီးတတ်ပါတယ်။

စာစောင်တစ်ခုမှာ ဘုန်းကြီး ဖတ်လိုက်ရပါတယ်။ ယခု လက်ရှိ ကမ္ဘာ့လူဦးရေအရှိန့် တွက်ကြည့်ရင် လူတစ်ရာမှာ တစ်ယောက်နှုန်း ခြေပြတ်လက်ပြတ် စတဲ့ အင်္ဂါအစိတ်အပိုင်း ပျက်စီးသူတွေ ရှိကုန်ပြီတဲ့။ လူတစ်ရာမှာ တစ်ယောက်၊ တစ်ယောက်ဆိုတာ မနည်းပါဘူး။ အေး-အဲဒီလို ခြေလက်အင်္ဂါတွေ ပျက်တယ်ဆိုတာ အကြောင်းမဲ့ သက်သက်မဟုတ်ပါ။ မပြစ်မှားသင့် မပြစ်မှားထိုက်တဲ့ ခင်ပွန်းကြီးဆယ်ပါး တစ်ပါးပါးကို ပြစ်မှားလို့ ဒဏ်ထိတာပါ။

### ဗိုလ်ကြီးရဲ့လက်တွေ

ဘုန်းကြီး တစ်ခါတုန်းက ခရီးသွားတော့ ဘုန်းကြီးနဲ့ ယှဉ်လျက် ထိုင်ခုံမှာ ဗိုလ်ကြီး တစ်ယောက် ထိုင်လာတယ်။ ဘုန်းကြီးက နောက်မှ တက်ထိုင်တာပါ။ ဘုန်းကြီကလည်း မာနကြီးတာတော့ မဟုတ်ပါ။ စကားတော့ စပြောခဲ့ပါတယ်။

အဲဒီလို ထိုင်သွားရာက နှစ်ဘူတာ သုံးဘူတာလောက် ရောက်တဲ့အခါ ဗိုလ်ကြီးက လက်အုပ်ချီပြီးတော့ တပည့်တော် မေးချင်တာလေးတွေ မေးပါရစေဆိုပြီး မေးလိုက်တာ ဘာသာရေးတွေချည်း မေးပါတယ်။ မေးပြီး ကျေနပ်တဲ့အခါ သူ့အကြောင်းကို လျှောက်ပါတယ်။

ဘာလျှောက်လဲဆိုတော့ "တပည့်တော် ဗိုလ်သင်တန်းဆင်းတာ ၁၄ နှစ်ရှိပါပြီတဲ့။ အမေ့ကို တစ်လတစ်ရာ အမြဲထောက်ပံ့ပါတယ်။

အိမ်ပြန်ရောက်တယ်ဆိုရင် အမေ့ရဲ့ လုံချည်၊ အင်္ကျီတွေ တပည့်တော်ကိုယ်တိုင် လျှော်ပေးပါတယ်။ ခရီးသွားတဲ့အခါ အမေရဲ့ လုံချည်ကို လက်မောင်းချည်သွားပါတယ်။ ဒီမှာ

ကြည့်ပါဘုရား'' ဆိုပြီး အင်္ကျီလက်မောင်း လှစ်ပြပါတယ်။

''တပည့်တော်တို့ သားသမီးတွေ မွေးတုံ ကျွေးတုံ မွေးကျွေးရမယ်ဆိုတဲ့အတိုင်း အမေ့ထံကို တစ်လတစ်ရာကတော့ မှန်မှန်ပို့ပေးပါတယ်ဘုရား။

''မပြစ်မှားသင့် မပြစ်မှားထိုက်တဲ့ပုဂ္ဂိုလ်တွေကို ပြစ်မှားလို့ ဘွဲ့ထူး ဂုဏ်ထူးရှိ၊ အခြေခံရှိပြီး စီးပွားရှာတာတောင်မှ စီးပွားလည်း မဖြစ်၊ ကျန်းမာရေးလည်း ပျက်တာနဲ့ အဘက်ဘက်က ပျက်သူတွေကို တပည့်တော် ဗိုလ်သင်တန်းဆင်းပြီး ယခု ၁၄ နှစ်သက်တမ်းမှာ တွေ့ရပါတယ်ဘုရား။

အချို့ မူလစီးပွားရေးလည်း မပြေလည်၊ ဆယ်တန်းမှ မအောင်တဲ့ သူတွေရှိပါတယ်။ မိဘ ဆရာသမားစတဲ့ ကျေးဇူးရှင်များရဲ့ ကျေးဇူးကိုသိပြီး ယဉ်ကျေးလိမ္မာစွာနဲ့ စီးပွားရှာကြ၊ စီးပွားလည်းဖြစ်၊ ကျန်းမာရေးလည်းကောင်း၊ ရာထူးဂုဏ်ထူးနဲ့၊ တိုက်နဲ့ ကားနဲ့ စသည်ဖြင့် ပြည့်စုံသူတွေကို တပည့်တော် မှတ်တမ်းမှာ မှတ်ထားပါတယ်ဘုရား။ အများကြီး ရှိပါတယ်ဘုရား''လို့ လျှောက်ထားပါတယ်။

အေး-မှတ်မှတ်သားသား မရှိလို့၊ စူးစမ်းမှု မရှိသူမို့ မမြင်တတ်တာနော်။ ဒီဗိုလ်ကြီးက စူးစမ်းမှုရှိလို့ သူ စူစမ်းတာတွေ လျှောက်ပြောတာ။

''တပည့်တော် အရှင်ဘုရားတို့ ပါဠိစာပေကျမ်းဂန်တွေကို မတတ်တော့ ပါဠိတွေ ဘာတွေနဲ့တော့ မပြောတတ်ပါ။ တပည့်တော် ကိုယ်တွေ့ မှတ်တမ်းပြောလို့ လူသုံးယောက် ကျွတ်သွားပါတယ်ဘုရား။

အဲဒီ ကျွတ်သွားတဲ့ လူတွေက ဘုရား တရား သံဃာ ရတနာ သုံးပါးကို မကိုးကွယ်တဲ့ လူကြမ်းကြီးတွေပါဘုရား။

တပည့်တော်က သူတို့ကို ကဲ- ခင်ဗျားတို့က ဘုရားပေါ်မှာ ဘာကို မယုံကြည်လို့ ဘာကို အထင်သေးလို့ မကိုးကွယ်တာလဲလို့ မေးပြီး တပည့်တော်ရဲ့ လက်တွေ့ ဘုရားကျေးဇူး၊ တရားကျေးဇူး၊ သံဃာကျေးဇူးတွေ ပြောပြ ဟောပြလို့ ရတနာသုံးပါး ဂုဏ်ကျေးဇူး

တွေကို ယုံကြည်ပြီး ဘုရားကိုးကွယ်ကြပါတယ် ဘုရား၊ သရဏဂုံတောင် မတည်တဲ့ လူတွေလည်း တပည့်တော် ပြောပြလို့ သရဏဂုံ တည်ကြပါတယ်ဘုရား''

## ကျည်လွဲပုံလက်တွေ့

''တပည့်တော်ကို တစ်ခါက ဗေဒင်ဆရာ တစ်ယောက်က 'ခင်ဗျား လက်ဖြတ်ခံရမယ့်ကိန်း ရှိတယ်'လို့ ဟောပါတယ်။ အဲဒီ ဗေဒင်ဆရာဟာ တော်တော်မှန်ပါတယ်ဘုရား၊ တပည့်တော်လည်း ရှေးကထက် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို မမေ့မလျော့ မပေါ့မဆ ဆည်းကပ်ပါတယ်။

ပြီးတော့ ရွတ်နေကျဖြစ်တဲ့ သမ္ဗုဒ္ဓေ အစရှိတဲ့ ဂါထာတွေကိုလည်း ရှေ့ကထက် တိုးပြီး ရွတ်ပါတယ်။ ပရိတ်ကြီးက မေတ္တာသုတ်ပဲ ရတော့ ရွတ်ပါတယ်။ အကြိမ်ကြိမ်။

ဗေဒင်ဆရာကလည်း အတော်မှန်တယ် ဆိုတာ ကိုယ်တိုင်သိထားတော့ ကြိုးစားပြီး ရွတ်ပါတယ်။ အဲ··· မကြာမီ ရှေ့တန်းသွားရတော့၊ အင်း··· ဒီပွဲမှာ လွတ်ချင်မှ လွတ်မယ်၊ ဒီပွဲမှ လက်မပြတ်ရင် မပြတ်ရတော့ဘူး ဆိုပြီး ကြိုးစားပြီး အနန္တောအနန္တငါးပါးကို မမေ့ပါ ဘုရား။

တိုက်ပွဲမှာ ရန်သူပစ်လိုက်တဲ့ ကျည်ဆန်က တပည့်တော်ရဲ့ လက်မောင်းနဲ့ ကိုယ်ကြားထဲက ထွက်သွားပါတယ်ဘုရား။ လက်ကို ထိရမယ့် ကျည်ဆန်ဟာ မထိဘဲ လွတ်သွားပါတယ်ဘုရား။

တပည့်တော်လည်း ဗေဒင်ဆရာကို ကျေးဇူးတင်ပါတယ်ဘုရား။ သူကြိုတင်ပြီး ဟောလိုက်လို့၊ ငါ အနန္တော အနန္တငါးပါးကို ရှေးကထက် ပိုဂရုစိုက်လို့ အခုလို ကျည်လွဲသွားတယ်လို့ ဆိုပြီး အနန္တော အနန္တငါးပါးကို ရှေးကထက် ပိုပြီး ဂရုစိုက်ပါတယ်ဘုရား။

ရွှေလဆက်ရန်



# ထေရဝါဒခရီးသည် (၁)

ကိုရင်ရွှေမျိုး-နေနတ်သား

ယ-သုံးယနှင့် ထ-သုံးထ

စရထ ဘိက္ခဝေ စာရိကံ ဗဟုဇန ဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿနံ၊ မာ ဧကေန ဒွေ အဂမိတ္ထ၊ ဒေသေထ ဘိက္ခဝေ ဓမ္မံ။ (ဝိ၊ ၁၊ ၂၇)

မြတ်ဗုဒ္ဓအလောင်းတော်သည် သက်တော် ၂၉-နှစ်အရွယ်တွင် တောထွက်၍ ဒုက္ကရစရိယာကို ၆-နှစ်ကြာအောင် ကျင့်တော်မူခဲ့၏။ ဒုက္ကရစရိယာဟူသည် ဒုက္ကရ-သူသူငါငါ ပြုနိုင်ခဲ ကျင့်နိုင်ခဲသော၊ စရိယ-အကျင့်ဟူ၍ အဓိပ္ပါယ်ရပါ၏။ လူတိုင်းမကျင့်နိုင်သည့် အကျင့်ဟု ဆိုလိုသည်။ မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့ သက်တော် ၃၅-နှစ်တွင် သဗ္ဗညုတဉာဏ်တော်ရှင် မြတ်ဗုဒ္ဓအဖြစ်သို့ ရောက်ရှိတော်မူခဲ့၏။

ဘုရားဖြစ်တော်မူပြီး ရက်ပေါင်း ၅၀-အကြာ ထိုနှစ်ဝါဆိုလပြည့်နေ့တွင် ပဉ္စဝဂ္ဂီ (၅-ယောက်အုပ်စု)ကို တရားဦး ဟောတော်မူသည်။ တရားစက်ကို လည်စေတော်မူခဲ့သည်။ နာမည်ကျော် ဓမ္မစက္ကပဝတ္တန သုတ်တော်ဖြစ်၏။ အရိယသစ္စာဓမ္မအမှန်တရား ၄-ချက်ကို မူတည်လျက် သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်ဟူသော ဉာဏ်သုံးချက်ဖြင့် စက်လှည့်ဟောတော်မူသည်။

ထိုတွင် အရှင်ကောဏ္ဍညမထေရ်က စတင်၍ ဉာဏ်အလင်းပွင့်တော်မူသည်။ အဦးဆုံး တရားဦးရပြီး ရဟန်းဖြစ်ခွင့်တောင်းသဖြင့် ဧဟိဘိက္ခုရဟန်းအဖြစ် ဘုရားရှင်ခွင့်ပြုတော်မူသည်။ အရှင်ကောဏ္ဍည ရဟန်းဖြစ်ပြီး နောက်နေ့ အရှင်ဝပ္ပနှင့် အရှင်ဘဒ္ဒိယကိုယ်တော်နှစ်ပါး တရားထူးရကာ ဧဟိဘိက္ခုရဟန်းများ ဖြစ်ကြပြန်သည်။ နောက်နေ့တွင် ကျန်နှစ်ဦးဖြစ်သည့် မဟာနာမ်နှင့် အဿဇိတို့ တရားထူးရကာ ရဟန်းဖြစ်ကြပါသည်။ ၎င်းပုဂ္ဂိုလ် ၅-ဦးကို ၅-ယောက်အုပ်စုဖြစ်၍ ပဉ္စဝဂ္ဂီ ၅-ဦးဟု ခေါ်တွင်ပါသည်။ ပဉ္စဝဂ္ဂီခေါ် ၎င်းပုဂ္ဂိုလ် ၅-ဦးသည် အနတ္တလက္ခဏာသုတ်ကို ဆက်လက်နာကြားရပြီး အာသဝေါကုန်ပျောက် အရဟတ္တဖိုလ်သို့ ရောက်ခဲ့ကြပါ

အသံတော်ရောက်ရှိခဲ့ပြီး တစ်သောင်းသော စကြာဝဠာလောကဓာတ်ကြီးကိုပင် လွှမ်းခြုံပျံ့နှံ့သွားလေသည်။ တဆက်တည်းမှာပင် တစ်ဆယ့်ရှစ်ကုဋေအရေအတွက်ရှိသော ဗြဟ္မာတို့လည်း တရားဦးနာယူရန် မိဂဒါဝုန်တောသို့ တစ်စုတစ်ဝေးတည်း ရောက်ရှိလာကြလေ၏။

ဘုရားရှင်ဟောပြလိုက်သော အစွန်းနှစ်ပါး(ဝါ)လမ်းစဉ်မှားနှစ်ခုဆိုသည်မှာ-

(၁) ကာမသုခလ္လိကာနုယောဂ

(၂) အတ္တကိလမထာနုယောဂ တို့ပင်ဖြစ်၏။

ကာမသုခလ္လိကာနုယောဂဆိုသည်မှာ ကာမဂုဏ်ချမ်းသာတို့အပေါ်မှာသာ တွယ်တာငြိလျက် ကာမဂုဏ်ချမ်းသာကို လိုက်စားသောအကျင့်ဖြစ်၏။ ထိုအကျင့်သည် ယုတ်ညံ့၏။ လူဝတ်ကြောင်တို့၏ အကျင့်သာဖြစ်၏။ ပညာမျက်စိကန်းနေသူ လူသာမန်တို့၏ အကျင့်ဖြစ်၏။ မြင့်မြတ်သူအရိယာ သူတော်စဉ်တို့၏ အကျင့်မဟုတ်။ အကျိုးစီးပွားမရှိသော အလုပ်လည်းဖြစ်၏။

အတ္တကိလမထာနုယောဂဆိုသည်မှာ ခန္ဓာကိုယ်နှင့်စိတ်ကို ပင်ပန်းနွမ်းနယ်အောင် ဆင်းရဲအောင်ပြုလုပ်သော အကျင့်ဖြစ်၏။ ဤအကျင့်သည် ဆူးများပေါ်တွင် လဲလျောင်းအိပ်စက်ခြင်း စသည်ဖြင့် ထိရှနာကျင်အောင်လုပ်သော အကျင့်မျိုးဖြစ်၍ ဆင်းရဲလှ၏။ သန့်ရှင်းစင်ကြယ်သောအကျင့်မဟုတ်။ အကျိုးရှိသောအကျင့်မဟုတ်။

ထို့ကြောင့် ဖော်ပြခဲ့ပါလမ်းစဉ်နှစ်ခုလုံးသည် အကျိုးမရှိသောလမ်းစဉ်ချည်းသာဖြစ်၏။ လမ်းစဉ်မှားကြီးနှစ်ခုဖြစ်၏။ ဤလမ်းစဉ်မှားကြီးများကို မလိုက်မိကြစေနှင့်ဟု ဆိုလိုခြင်းဖြစ်ပေသည်။

ဤတွင် မြတ်ဗုဒ္ဓသည် အဘယ်ကြောင့် ပထမဦးဆုံးဟောသည့် တရားဦးအစမှာပင် လမ်းစဉ်မှားကြီးနှစ်ခုကို ထုတ်ဖော်ဟောကြားရသနည်း၊ ထိုဟောပြောချက်သည် အချိန်ကာလနှင့် အံဝင်ခွင်ကျ ဖြစ်ပါ၏လောဟု မေးခွန်းထုတ်စရာရှိလာသည်။

# နွေရာသီမှာ ရွာတဲ့မိုး

ပြည့်သခင်

နွေရာသီ…။

မိုးစက် မိုးပေါက်ကလေးများက ကမ္ဘာမြေပြင်ပေါ်သို့ တဖွဲဖွဲ လွင့်စင်၍ ကျနေသည်။ မျှော်လင့်မထားသည့် မိုး…။ သို့သော် တမ်းတနေသော အေးမြမှု။ အခါမဲ့မိုးသည် အညာဒေသ ကျေးလက်တောရွာလေးတစ်ရွာ၏ ပူလောင်ခြောက်သွေ့ခြင်းကို ရုတ်တရက် အနိုင်ယူလိုက်၏။ ရွာသူ ရွာသားများက အချိန်မဟုတ်ရွာသွန်းသည့် မိုးကို ကြည့်၍ အံ့သြကြသော်လည်း အေးချမ်းသော အထိအတွေ့ကြောင့် ပျော်ရွှင်နေကြသည်။

ထိုအေးချမ်းမှုကို သယ်ဆောင်လာသော မိုးစက်မိုးပေါက်များ အကြား၌ သူတို့အဖွဲ့ ရွာသို့ရောက်ရှိလာကြ၏။ သူတို့အဖွဲ့ ဆိုသည်မှာ ရန်ကုန် သာသနာ့တက္ကသိုလ်မှ သင်တန်းသား ရဟန်းငယ်လေးများ ဖြစ်သည်။ တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသေးသော သက်တူရွယ်တူ ရဟန်းငယ်များ ရွာတွင်းသို့ အဖွဲ့လိုက်ဝင်လာခြင်းဖြစ်သဖြင့် ရွာသူရွာသားများက စူးစမ်းသော အကြည့်ဖြင့် ကြည့်နေကြသော်လည်း တည်ငြိမ်သော ဣန္ဒြေနှင့် တက်ကြွလန်းဆန်းသော အသွင်အပြင်များကြောင့် ရင်တွင်းကိုယ်စီ၌ ကြည်ညိုသဒ္ဓါတရားများ ပွား၍ နေကြသည်သာ…။ သို့သော်…။

**ပညာဒါန(အခမဲ့)**

**နွေရာသီ**

**ယဉ်ကျေးလိမ္မာနှင့်နိုင်ငံတကာအဆင့်မီ**

**အင်္ဂလိပ်စကားပြောသင်တန်း**

**သင်တန်းကာလ- ဧပြီ ၂၂ မှ မေ ၂၂ ထိ**

**သင်တန်းသားဦးရေ အကန့်အသတ်မရှိ**

**စတင်လက်ခံနေပါပြီ**

အုန်းပင်စုရွာ ရွာဦး ဘုန်းတော်ကြီးကျောင်း၏ ရှေ့၌ ဗီနိုင်းဖြင့်ပြုလုပ်ထားသော အထက်ပါ သင်တန်းကြော်ငြာ ဆိုင်းဘုတ်ကို ချိတ်ဆွဲထားလေ၏။ ဖြတ်သွားဖြတ်လာ ရွာသူရွာသားများက စောင်းငဲ့ကြည့်ကြသည်။ အထူးသဖြင့် ကလေးသူငယ်များက စုပြုံကာ ရပ်၍ ငေးမောကြည့်ရှု အားပေးကြ၏။ အသံထွက်၍ စာလုံးပေါင်းဖတ်ကြ၏။ အချင်းချင်းလည်း ငြင်းကြ ခုန်ကြ ရန်ဖြစ်ကြ၏။ ဗီနိုင်းဆိုင်းဘုတ်၏ ရှေ့တွင်ပင် နပမ်းလုံးကြ၏။ ငိုကြ၏။ ရယ်ကြ၏။ မိခင်ဖခင်တို့၏ အော်ဟစ်ကြိမ်းမောင်းရိုက်ပုတ်ကာ ပြန်လည် ခေါ်ဆောင်သွားခြင်းကို ခံရသည့် ကလေးများရှိသကဲ့သို့ သူ့အလိုအလျောက် ပြန်ကြသည့် ကလေးများလည်းရှိ၏။ နေမဝင်မချင်း မပြန်

ကြသည်လည်းရှိ၏။ ဤသည်တို့မှာ အထက်ပါ သင်တန်းကြော်ငြာ၏ ဆွဲဆောင်အားကောင်းမှုများပင် ဖြစ်ချေတော့သည်။

ရွာဦးဘုန်းတော်ကြီးကျောင်း၏ အတွင်း လူသူလေးပါးကင်းရှင်းရာ ဓမ္မာရုံပေါ်၌ကား သူတို့အဖွဲ့ခေါင်းချင်းဆိုင်ကာ တိုင်ပင်နေကြ၏။

'သူငယ်တန်းကနေ လေးတန်းအထိက ပထမအဆင့်၊ ငါးတန်း၊ ခြောက်တန်းနဲ့ ခုနစ်တန်းကို ဒုတိယအဆင့်၊ ရှစ်တန်း၊ ကိုးတန်းနဲ့ ဆယ်တန်းကို တတိယအဆင့်ဆိုပြီး ဒီလို သုံးဆင့်ခွဲသင်မှ အဆင်ပြေလိမ့်မယ်' ဟု အဖွဲ့ဝင်တစ်ဦးက အဆိုပြုလိုက်၏။ ထိုအခါ တစ်ဦးက ဦးခေါင်းကိုတွင်တွင်ခါယမ်းလျက် ထိုအဆိုကို ထကန့်ကွက်လိုက်၏။

'မဟုတ်သေးဘူး။ ရှစ်တန်းဆိုတာငယ်တယ်။ အကြီးတွေနဲ့ တွဲပြီး မသင်သင့်သေးဘူး။ မလိုက်နိုင်ဖြစ်ပြီး စိတ်အားငယ်သွားနိုင်တယ်။ ဒါကြောင့် ခုနစ်တန်းနဲ့ ရှစ်တန်း ကို Level တစ်ခုအဖြစ် သီးသန့်ခွဲပြီး သတ်မှတ်သင့်တယ်။'

ဟု သူ့အမြင်ကို တင်ပြ၏။ အခြားအဖွဲ့ဝင်တစ်ဦးက ဒုတိယပုဂ္ဂိုလ်၏အဆိုကို ထောက်ခံ၏။ ဤသို့ စသည်ဖြင့် အလုပ်ရှုပ်နေကြလေသည်။

အချိန်သည် သူတို့အဖွဲ့သင်တန်းစရန် ကြေငြာထားသော ဧပြီလ ၂၂ ရက် မတိုင်မီ တစ်ရက်အလိုသို့ ရောက်လာလေ၏။ သို့သော် သင်တန်းတက်ရန် စာရင်းလာသွင်းသူဟူ၍ကား တစ်ဦးတစ်လေမျှပင် မပေါ်ပေါက်သေး။ ထို့ကြောင့် သင်တန်းပို့ချရန် ရောက်လာကြသည့် ဆရာများ အကြံအိုက်နေကြ၏။

'ကိုယ့်တော်ကို တပည့်တော် အစကတည်းက မပြောခဲ့ဘူးလား၊ သင်တန်းဖွင့်ဖို့ကိစ္စကို ရွာက လူကြီးသူမတွေနဲ့ အရင်ဆုံး တိုင်ပင်ပြီးမှ သူတို့ရဲ့အကူအညီကို ရယူပြီး ကလေးတွေကို သင်တန်းမှာ လာအပ်ခိုင်းရင် ကောင်းလိမ့်မယ်ဆိုတာလေ…၊ ဒါကို ကိုယ်တော်က ဗီနိုင်းအားကိုးနဲ့ ရပါတယ်၊ ရပါတယ်ပဲ လုပ်နေခဲ့တာ။ အခုတော့ကြည့်ဦး၊ ဘယ်လိုလုပ်မလဲ။ မနက်ဖြန်ဆိုရင်ပဲ သင်တန်းစရက်က ရောက်ပြီ။ ဘယ်သူမှလည်း လာမအပ်သေးဘူး။ ရှက်တတ်မယ်ဆိုရင် ရှက်ဖို့တောင် ကောင်းတယ်ဗျာ။'

'ဩော်… အရှင်ဘုရားကလည်း… တပည့်တော်က ဒီဒေသခံဆိုပေမယ့် ရွာကို ပြန်မရောက်ဖြစ်တာက တော်တော်ကြာနေပြီ၊ ဘယ်လူကြီးသူမနဲ့မှလည်း ရင်းရင်းနှီးနှီး ရှိတာ မဟုတ်ဘူး။ ဆရာတော်ကြီးကလည်း

အသက် ရှစ်ဆယ်ကျော် ကိုးဆယ်နား ကပ်နေပြီဆိုတော့ ဘာတစ်ခုမှ ဂရုမစိုက်နိုင်။ အခုတောင် ကြည့်ပါလား အရှင်ဘုရားတို့ တပည့်တော်တို့ ဗုဒ္ဓဘာသာရွာမှာ လာနေပြီး ဆွမ်းကွမ်းမပြည့်စုံလို့ ကိုယ်တိုင်ဆန်ဝယ် ကိုယ်တိုင်ပဲ ချက်စားနေကြရတာ။ ဘယ်သူ့ကိုသွားပြီး တိုင်ပင်နေလို့ရမှာလဲ။ တိုင်ပင်ကာမှ ဟိုအကြောင်းပြ ဒီအကြောင်းပြနဲ့၊ စတောင်မစဖြစ်လိုက်ဘဲ ပျက်သွားဦးမယ်။ ဒါကြောင့် ဆိုင်းဘုတ်အားကိုးနဲ့ သင်တန်းဖွင့်မယ်လို့ ကြော်ငြာလိုက်တာပေ့ါ။ တပည့်တော်တို့က ဒီရွာမှာလာပြီး ကိုယ်ကျိုးရှာနေတာမဟုတ်ဘူး။ ဗုဒ္ဓဘာသာနယ်မြေအဖြစ် သတ်မှတ်ထားပြီး သာသနာပွင့်လင်းမှုကျတော့ အားနည်းနေလွန်းလို့ ကိုယ့်အသိစိတ်ဓာတ်နဲ့ကိုယ် ကိုယ့်အားလပ်ရက်မှာ စွမ်းနိုင်သမျှ ပညာဒါနပြုရင်း သာသနာလာပြုတာပဲ။ မနက်ဖြန်ရောက်လို့မှ သင်တန်းလာတက်မယ့်ကလေး မရှိတော့လဲ။ ဘာဖြစ်လဲ။ သန်ဘက်ခါ ပြန်ကြရုံ ရှိတာပေ့ါ။ ရက်မနေစမ်းပါနဲ့''

သင်တန်းကို တာဝန်ယူထားသည့် ဒေသခံဦးပဥ္ဇင်း ဦးဇောတိကနှင့် အကူအညီအဖြစ် လိုက်လာသော ဦးပဥ္ဇင်းလေး ဦးဉာဏဒီပတို့၏ အချင်းချင်း ပြစ်တင်ဝေဖန်ပြောဆိုနေကြသော အသံများ ဖြစ်သည်။ ထို့ကြောင့် ဘေးမှကြားနေရသော ဦးပဥ္ဇင်း ဦးကုသလက လေသံခပ်အေးအေးဖြင့် ဝင်ရောက် ဖြန်ဖြေပေးလိုက်လေ၏။

'အရှင်ဘုရားတို့ ဘယ်သူက ဘယ်သူ့ကိုမှ အပြစ်တင်ပြီး ငြင်းခုံမနေကြနဲ့တော့။ ဒီကိစ္စအတွက် တပည့်တော်မှာ အကြံအစည်သစ်တစ်ခု ရှိပါတယ်။ အကြံအစည်သစ်ဆိုသောကြောင့် အဖွဲ့သားအားလုံး ခေါင်းထောင်လာကြသည်။ ထို့နောက် သံပြိုင်အော်ဟစ်၍ တောင်းဆိုလိုက်ကြ၏။

'အေး၊ လုပ်ပါဦးကွ၊ ငါ့ရှင်ရဲ့ အကြံအစည်သစ်ကို'

'ဒါက ဒီလိုရှိတယ်… အရှင်ဘုရားတို့ရဲ့'

ထိုအကြံပိုင်သည်ဆိုသော ဦးပဥ္ဇင်း ဦးကုသလက ဘုရားအလောင်းတော် မဟောသဓာပညာရှိ သုခမိန်၏ ဂိုက်မျိုးဖမ်းကာ သူ၏ အကြံအစည်သစ် (New Idea)ကို တစ်လုံးချင်းစီ ဖြည်းနေးညင်သာစွာ မြွက်ကြား၏။ အဖွဲ့သား အားလုံးက မျှော်လင့်ချက် ရောင်ခြည်သန်းနေသော မျက်လုံးကိုယ်စီဖြင့် စိတ်ဝင်တစား အာရုံစိုက်နေကြသည်။

'ဒီခေတ်ကြီးထဲမှာ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်တယ်ဆိုတာမျိုးက စိတ်ရှည် ဖွဲ့သန် သည်းညည်းခံ ပြုရန် သာသနာ ဆိုတဲ့အတိုင်း… အရှင်ဘုရားတို့ အနေနဲ့…..'

'ဟာ ဟော့ ဒီမှာ ငါ့ရှင် ပြောစရာ ရှိတယ်ဆိုရင်လည်း လိုရင်းရောက်အောင် မြန်မြန်ပြော၊ သိပ်ရစ်မနေနဲ့ အလိုလိုကမှ စိတ်ညစ်နေတာနော်'

စိတ်မြန်ကိုယ်မြန်ရှိသော ဦးပဋ္ဌင်း ဦးအရိယက ဝင်၍ထောက်၏။ ထိုအခါ ပညာရှိ သုခမိန်ကိုယ်တော်ဦးကုသလက သူ့အကွက်ဆိုက်လာသည့် ဟန်မျိုးဖြင့် လက်ညှိုးလေးကိုလေထဲတွင် ဝှေ့ယမ်းကာ စိတ်မြန်သော ဦးအရိယကိုပင် ဥပမာထား၍ သူ၏ပြောလက်စ စကားကို အတည်ပြုလိုက်သေး၏။

'အဲဒါ ပြောတာပေါ့ ··· အဲဒါ၊ စိတ်ရှည် သည်းခံရမယ် ဆိုတာ'

'ဒီအချိန်မှာ ဘာလုပ်သင့်သလဲ၊ စဉ်းစားမိရင်လည်း လိုရင်းကိုပဲ ပြောစမ်းပါ ကိုယ်တော်၊ အချင်းချင်းလာပြီး တော်ကီမွှား မနေစမ်းပါနဲ့'

အမြဲတမ်း တည်တည်တံ့တံ့ နေလေ့ရှိသော အဖွဲ့ဝင် ဦးမေဓာက တည်တည်တံ့တံ့ ဖြင့်ပင် ဝင်ရောက်ပြောဆိုလိုက်ရာ ပညာရှိ သုခမိန် ဦးကုသလလည်း တစ်ခွန်းတည်းသော ရဲရဲတောက် စကားကို ဆိုလေတော့သည်။

ဒီကိစ္စအတွက် ထူးထူးထွေထွေ ဘာမှ လုပ်နေစရာမလိုဘူး။ အခုချိတ်ထားတဲ့ ဗီနိုင်းဆိုင်းဘုတ်ရဲ့အောက်မှာ 'ယနေ့ညနေ ၀၅း၀၀ နာရီတွင် သင်တန်းလက်ခံစာရင်း ပိတ်မည်'လို့ သွားရေးထားလိုက်၊ ဒါဆိုရင် ပြီးပြီ'

'ဟာမဖြစ်နိုင်တာ၊ အခုအချိန်အထိ အပ်မယ့်လူတောင် မရှိသေးပါဘူးဆို၊ စာရင်းပိတ်ဖို့အကြောင်း လာပြောနေသေးတယ်။ တကယ့် အကြံကောင်း၊ ဉာဏ်ကောင်း မှတ်လို့ နားထောင်နေပါတယ်။ သာတောင် ဆိုးနေသေးကွာ။'

ဟု ညည်းငြူသော လေသံဖြင့် ဦးတေဇက ဝေဖန်လေ၏။

'အဲဒါပြောတာပေါ့၊ အိုင်ကျူလိုပါ တယ်ဆို။ ဒီမှာ တပည့်တော် ရှင်းပြမယ် သေချာနားထောင်။ လူဆိုတာမျိုးက မရတာ ကိုမှ လိုချင်တတ်ကြတာ သဘာဝပဲ။ ဟော သင်တန်းလက်ခံ စာရင်းပိတ်တော့မယ်လို့ ရေးကပ်ထားတော့ ငါများ နောက်ကျနေ မလားဆိုတဲ့ အတွေးမျိုးတွေ ဝင်မလာနိုင်ပေဘူးလား။ အေး··· အဲဒီအခါကျရင် ကြိတ် ကြိတ်တောင် တိုးလာပါလိမ့်ဦးမယ်ဗျာ။ ကြည့်ထား။ ဒါကို စိတ်ပညာ သဘောတရား အရ ဆိုက်ကိုလို့ ခေါ်တယ်။ မှတ်ထား'

သူပြောတော့လည်း ဟုတ်မလိုလို။ ထို့ကြောင့် မတက်သာသည့်အဆုံး သူ့အကြံ

အစည်ကိုပင် အသုံးချလိုက်ရလေတော့၏။

**ယနေ့ညနေ ၀၅း၀၀ နာရီတိတိတွင် သင်တန်းလက်ခံစာရင်း ပိတ်မည်။**

ညနေ ငါးနာရီဟူသော အချိန်သည် တဖြည်းဖြည်းခြင်း နီးကပ်လာလေ၏။ သူတို့အဖွဲ့၏ မျှော်လင့်ချက်သည်ကား ဝေးသည်ထက်ဝေးသွားလေတော့သည်။ သို့ဖြင့် အချိန်တို့၏ ဓမ္မတာတိုင်း ရပ်နားစောင့်ဆိုင်းခြင်းမရှိ ပကတိအမြန်နှုန်းဖြင့်ပင် သင်တန်းစာရင်းပိတ်ချိန်ကို ကျော်လွန်သွားခဲ့၏။ သင်တန်းသားသင်တန်းသူတို့ကား တစ်ဦးတစ်လေမျှပင် ရောက်မလာချေ။

'ဘယ်လိုလဲ စိတ်ပညာရှင် ပညာရှိကြီးရဲ့၊ ကြိတ်ကြိတ်တောင်တိုးလာဦးမယ်ဆို၊ ဟားဟား အခုတော့ ထားစရာနေရာတောင် မရှိတော့ပါလား'

ဦးအရိယ အကြံပိုင်ပါသည်ဆိုသော ဦးပဌင်းဦးကုသလအား ခနဲ့လိုက်၏။

'အာ… ကိုယ်တော်ကလည်း ရုတ်တရက်ဆိုတော့ မမြင်မိကြလို့ နေမှာပါ။ မနက်ဖြန်မနက်ကျရင် စောစောထပြီး ယနေ့ နံနက် ၀၈း၀၀ နာရီ သင်တန်းလက်ခံစာရင်း ပိတ်တော့မည်လို့သာ ရေးထားလိုက်၊ အားလုံး အဆင်ပြေသွားစေရမယ်။'

စိတ်ပညာသမား ပညာရှိသုခမိန် ကိုယ်တော်ဦးကုသလကလည်း အလျှော့မပေး။ ဆင်ခြေသာပေး၏။ ထို့ကြောင့် ဦးပဌင်း ဦးမေဓာက ထ၍-

'တော်ပါတော့ ငါ့ရှင်ရယ် တစ်ရက်ကနေ နှစ်ရက် မဖြစ်ပါစေနဲ့။ ဒီအတိုင်းလေးပဲ ရှိပါစေတော့ သန်ဘက်ခါကျရင် လူမသိ သူမသိ တိတ်တဆိတ်ကလေး ရွာကနေ ဆုတ်ခွါကြရအောင်ပါ။'

ဟု ပြောလေ၏။

'ဟာ အရှင်ဘုရားတို့ကလည်း စစ်မရောက်ခင် မြားကုန်နေကြပြန်ပြီ။ တပည့်တော်ပြောသလိုသာ ထပ်ပြီး ရေးထားလိုက်စမ်းပါ။ ဒီနေ့က မမြင်မိကြသေးလို့နေမှာပါ။ လုပ်စမ်းပါ။ လုပ်စမ်းပါ။'

'တော်ပါပြီ ငါ့ရှင် ရေးချင်ရင်လည်း ကိုယ့်ဘာသာကိုယ်သာ သွားရေးတော့။ တို့များကတော့ စိတ်လျှော့လိုက်ပါပြီ'

'အဲဒါပြောတောပေ့ါ။ သာသနာပြုတဲ့နေရာမှာ ဇွဲသန်ရမယ်ဆိုတာ။ တပည့်တော်ပဲ သွားရေးထားလိုက်တော့မယ်'

ဟု ပြောကာ ပညာရှိသုခမိန်ကိုယ်တော် ဦးကုသလသည် သူ၏ ဆိုက်ကိုပညာသုံး အကြံအစည်ကို သူကိုယ်တိုင်ပင် သွားရောက်၍ အကောင်အထည်ဖေါ်ထားလိုက်လေတော့၏။

ပြည့်သခင်

# မယားကောင်း မယားမြတ် အကြံဉာဏ်

# လင်သားစံ

▸တက္ကသိုလ် ချင်သီရိ (ဓမ္မာစရိယ ဘီအေ) ▸ ပန်းချီတင်ထွန်းထွန်း



သာဝတ္ထိပြည်တွင် အမျိုးကောင်းသားတစ်ယောက်သည် မထင်ရှားသော အမျိုးသမီးတစ်ဦးကို နှစ်သက်သဘောကျသောကြောင့် မိတ်ဆွေမှတစ်ဆင့် ထိုအမျိုးသမီးကို လက်ထပ်ထိမ်းမြားရန် ကမ်းလှမ်းလေသည်။




ထိုအခါ အမျိုးသမီးက
ဤသို့ မေး၏။
အကြောင်းကိစ္စ
ဖြစ်ပေါ်လာသည် ရှိသော်
ကူညီဆောင်ရွက် နိုင်သော
မိတ်ကောင်း ဆွေကောင်း
များ ရှိပါပြီလော...
မရှိပါ
ဆာသွေခင်ပွန်း
ကောင်းရှိအောင်ကျာပါ
... ...



အမျိုးသမီးပြောသည့်အတိုင်း အမျိုးသားသည် ပထမဦးစွာ မြို့ဝံခါးစောင့် လေးယောက်ကို မိတ်ဆွေဖွဲ့သည်။



ထို့နောက် မြို့စောင့်အမတ်ကြီးနှင့် လည်းကောင်း၊ စစ်သူကြီးနှင့် လည်းကောင်း၊ အိမ်ရှေ့မင်းနှင့်လည်းကောင်း မိတ်ဆွေဖွဲ့သည်။



မကြာခင် မြည်ရှင်မင်းနှင့်ပါ အဆွေခင်ပွန်း ဖွဲ့မိလေသည်။
ထို့နောက် ရှစ်ကျိပ်သော မဟာထေရ်နှင့်လည်းကောင်း ရှင်အာနန္ဒာမထေရ်မြတ်နှင့်လည်းကောင်း ဆရာဒကာ ဖြစ်လာသည်။



မကြာမီ ဘုရားရှင်နှင့်ပါ အဆွေခင်ပွန်းဖြစ်ကာ
သရဏဂုံ နှင့် သီလတို့ တည်ဓလသည်။



ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ...
ဓမ္မံ သရဏံ ဂစ္ဆာမိ ...
သံဃံ သရဏံ ဂစ္ဆာမိ...


ဘုရင်မင်းမြတ်သည် ထိုအမျိုးသားအား စည်းစိမ်ကို ပေးသည်။
ထို အမျိုးသားသည် 'မိတ္တဗိန္ဒက' ဟု ထင်ရှားလာသည်။
မိတ္တဗိန္ဒက ကို ဘုရင်မင်းမြတ်သည် ကြီးစွာသော အိမ်ကိုပေး၍ ထိုအမျိုးသမီးနှင့် လက်ထပ် ထိမ်းမြားပေးလေသည်။ မင်းကို အကြောင်းပြု၍ လူအများသည် လက်ဆောင်များ ပေးပို့လာကြ၏။

မိတ္တဗန္ဓက၏ မယားသည် မင်းမှလာပို့သော လက်ဆောင်များကို အိမ်ရှေ့မင်းထံသို့
အိမ်ရှေ့မင်းမှလာပို့သော လက်ဆောင်များကို စစ်သူကြီးထံသို့ ဤနည်း
အားဖြင့် မြို့နေလူတို့အား အဆွေခင်ပွန်းဖွဲ့သည်။



ခုနစ်ရက်မြောက်သောနေ့တွင် ဘုရားအမျိုးရှိသော သံဃာတော်များကို
ဆွမ်းကပ်၍ ကြီးစွာသောအလှူပူဇော်သက္ကာယ ပြုလေသည်။







ဘုရားရှင်သည် ဆွမ်းကပ်လှူပြီးသောအခါ မိတ္တဗန္ဓက လင်မယားကို ဆွမ်းအနုမောဒနာတရား ဟောကြားတော်မူရာ နှစ်ယောက်လုံး သောတာပတ္တိဖိုလ် တည်လေသည်။

ကျိုကား မယားကောင်းမယားမြတ်၏ အကြံဉာဏ်ကြောင့် လင်ဖြစ်သူ မိတ္တဗန္ဓကသည် လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးကို ရရှိခံစားရခြင်း ဖြစ်လေသည်။ ။

တက္ကသိုလ်ချောင်းသီရိ (ဓမ္မာစရိယ ဘီအေ)

# သီလဖြင့်သာ အလှဆင်ပါ



မိုးနန္ဒာ (ခန္တီးမြေ)

"သီလ"

သီလဟူသည် အဘယ်နည်း?

ဤ အမေးစကားနှင့်ပတ်သက်၍ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ရေးသားပြန်ဆို တော်မူထားသော ဝိသုဒ္ဓိမဂ်-မြန်မာပြန်၊ သီလနိဒ္ဒေသ-သီလ၏သရုပ်... စသည်ကို ပြဆိုချက်အခန်း၊ စာမျက်နှာ(၂၄)တွင် ပါရှိသည့်အတိုင်း ဖော်ပြပေးရပါလျှင်....

**"သတ္တဝါကို သတ်ခြင်း (ပါဏာတိပါတ) အစရှိသည်တို့မှ**
**ကြဉ်ရှောင်သောသူ၏ လည်းကောင်း၊**
**(ဥပဇ္ဈာယ်ဝတ် အစရှိသော) ကျင့်ဝတ်ပဋိပတ်ကို**
**ဖြည့်ကျင့်သောသူ၏ လည်းကောင်း၊**
**ကုသိုလ် စေတနာတရားတို့သည် "သီလမည်၏"**... ဟူ၍ ဖွင့်ဆိုပြထားသည်ကို တွေ့ရပါသည်။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်အရ ဆိုပါကလည်း "သီလဟူသည် အဘယ်နည်း" ဟူသော အမေးစကားအား အောက်ပါအတိုင်း အဖြေပေးထားပါသည်။

* **စေတနာသည် 'သီလ'မည်၏။**
* **စေတသိက်သည် 'သီလ'မည်၏။**
* **ပိတ်ဆို့ စောင့်စည်းခြင်းသည် 'သီလ'မည်၏။**
* **မလွန်ကျူးခြင်းသည် 'သီလ'မည်၏**... ဟူ၍ ဖြစ်ပါသည်။

စေတနာကို သီလ-ဟု ဆိုရာတွင် "သတ္တဝါတို့ကို သတ်ခြင်း အစရှိသည်တို့မှ ကြဉ်ရှောင်သောသူ၏လည်းကောင်း၊ ကျင့်ဝတ်ပဋိပတ်ကို ဖြည့်ကျင့်သော သူ၏လည်းကောင်း၊

ကုသိုလ်စေတနာသည် ''စေတနာသီလ'' ဖြစ်သည်။''

တစ်နည်း သတ္တဝါကိုသတ်ခြင်း စသည်တို့ကို ပယ်စွန့်သောသူ၏ ခုနစ်ပါးသော ကုသိုလ် ကမ္မပထစေတနာသည် ''စေတနာသီလ'' ဖြစ်သည်။''

စေတသိက်ကို သီလဟုဆိုရာတွင် ''သတ္တဝါကို သတ်ခြင်းအစရှိသည်တို့မှ ကြဉ်ရှောင်သော သူ၏ ကြဉ်ရှောင်မှု(ဝိရတီစေတသိက်)သည် ''စေတသိက်သီလ''ဖြစ်သည်။''

တစ်နည်း ''သူတစ်ပါး၏စည်းစိမ်ကို ရလိုသမှု ရှေးရှုကြံခြင်းဟူသော အဘိဇ္ဈာကို ပယ်၍ အဘိဇ္ဈာကင်းသော စိတ်ဖြင့်နေခြင်းသည် စေတသိက်သီလဖြစ်သည်။

ပိတ်ဆို့စောင့်စည်းကို သီလဟုဆိုရာတွင် ''မကောင်းမှုမှ ကြောက်တတ်သော အမျိုးကောင်းသားတို့၏ တွေ့ကြုံရသော ဒုစရိုက်တရား(ဒုစ္စရိုက်ဝတ္ထု)မှ ကြဉ်ရှောင်ခြင်း (ဝိရတီ)ကို ''ပိတ်ဆို့စောင့်စည်းခြင်း(သံဝရောသီလံ)သည် သီလဖြစ်သည်။''

မလွန်ကျူးခြင်းကို ''သီလ''မည်၏ဆိုရာတွင်... ''သီလဆောက်တည်ထားသော သူ၏-ကိုယ်၌ မလွန်ကျူးခြင်း၊ နှုတ်၌ဖြစ်သော မလွန်ကျူးခြင်း''သည် သီလဖြစ်သည်။''

သီလနှင့်ပတ်သက်၍ ကျမ်းဂန်စာပေတို့၌ အမြောက်အများ ပြဆိုထားကြသော်လည်း ဤ၌ လောကလူသားတို့အတွက် အရေးပါသော သီလနှစ်ပါးအကြောင်းကိုသာ အလေးထား တင်ပြပေးသွားလိုပါသည်။ ယင်းသီလနှစ်ပါးတို့မှာ......

- စာရိတ္တသီလ = ကောင်းသောအမှုမျိုးကို လိုက်နာပြုကျင့်ခြင်း၊
- ဝါရိတ္တသီလ = မကောင်းသောအမှုများ၊
- တားမြစ်ထားသော အမှုများ...ကို ရှောင်ကြဉ်ခြင်း...တို့ဖြစ်ပါသည်။

စာရိတ္တသီလ = ကောင်းသောအမှုမျိုးကို လိုက်နာပြုကျင့်ခြင်း။

* ဤသီလသည် ကျင့်ဝတ်ကို ဟောသော သီလမျိုးဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့ပြုသင့် ပြုထိုက် ပြုအပ်သော ''အမိအဖဝတ်၊ သားသမီးဝတ်၊ ဆရာ့ဝတ်၊ တပည့်ဝတ်'' အစရှိသော ကျင့်ဝတ်မျိုး။ 'ဤကျင့်ဝတ်ကို ပြုကျင့်အပ်၏'ဟူ၍ မြတ်စွာဘုရား ပညတ်ထားသော သိက္ခာပုဒ်(သီလ)ကို ဖြည့်ကျင့်ခြင်းသည်..... စာရိတ္တသီလမည်၏။

ဤစာရိတ္တသီလသည်... အမှန်တကယ်-ပြုကျင့်ရမည့်၊ ဆောင်ရွက်ရမည့် ကျင့်ဝတ် သီလမျိုး ဖြစ်နေသောကြောင့် မည်သူ့ထံတွင်မှ ဝန်ခံတောင်းဆိုမှု ပြုရန်မလိုဘဲ မိမိအသိ၊ မိမိဆန္ဒဖြင့် မိမိဖာသာ ဖြည့်ကျင့်ရသော သီလမျိုးဖြစ်ပါသည်။

ဝါရိတ္တသီလ = မကောင်းသောအမှုများ၊ တားမြစ်ထားသော အမှုများကို ရှောင်ကြဉ်ခြင်း။

* ဝါရိတ္တ = ဝါရိတ+တာ+အ။

ဝါရိတ=တားမြစ်ထားသောအမှု၊

တာ =စောင့်ရှောက်ခြင်း၊
အ =အကြောင်း၊

ဝါရိတ္တ=တားမြစ်ချက်ကို စောင့်ရှောက်ကြောင်း-သီလ ဟုဆိုလို၏။ ထို့ကြောင့် ဝါရိတ္တသီလ-ဟူသည်မှာ "ဤဒုစ္စရိုက်ကို မပြုအပ်" ဟူ၍ မြတ်စွာဘုရားက ပယ်မြစ်ထားသော အမှုကို မပြုခြင်းသည် ဝါရိတ္တသီလပင် ဖြစ်ပါသည်။

ဤ ဝါရိတ္တသီလတွင်… ငါးပါးသီလကဲ့သို့ အမှန်တကယ် ရှောင်ကို ရှောင်ကြဉ်ရမည် သီလနှင့် 'စာရိတ္တသဘောနှင့် ဝါရိတ္တသဘော' တို့ နှစ်မျိုးစလုံး ရောနှောနေသည့် 'ရှစ်ပါး သီလ' လို သီလမျိုး…. စသည်ဖြင့် နှစ်မျိုး ရောနှောပါဝင်နေသည်ကို သတိပြုမိကြဖို့ လိုပေလိမ့်မည်။

စာရိတ္တသီလကို ဖြည့်ကျင့်ရာတွင် "သဒ္ဓါနှင့်ဝီရိယ" နှစ်းပါးတို့ ဦးစီးဖို့လိုသော်လည်း ဝါရိတ္တသီလကို ကျင့်သုံးသောအခါ 'ဝီရိယ' သည်သာ အဓိကဖြစ်သောကြောင့် သူ့သီလအလိုက် အတွဲညီအောင် တွဲတတ်ဖို့ အရေးကြီးပါသည်။

မှန်၏။ ကျွန်ုပ်တို့ စာရိတ္တသီလကို ကျင့်သုံးရာတွင် ရှေးပိုင်းက တင်ပြထားခဲ့သလို 'သဒ္ဓါနှင့်ဝီရိယ' သည် မပါလျှင် မဖြစ်သော စေတသိက်တရားတို့ ဖြစ်ပါသည်။

- ဤသီလကို ကျင့်ခြင်းကြောင့် အကျိုးရှိသည်ဟု ယုံကြည်သော -သဒ္ဓါ၊
- မပျင်းမရိ လုံ့လစိုက်ပြီး ကျင့်လိုသော ဝီရိယ… ဤနှစ်ပါးလုံး ဟန်ချက် ညီညီ အတွဲညီညီ ပါဝင်ပါမှ (ပြည့်စုံပါမှ) စာရိတ္တသီလကို ဆောက်တည်ရာ ရောက်ပါမည်။ သို့မှသာ ပြည့်စုံသည်ဟု ဆိုပါသည်။

တစ်ခါ… ဝါရိတ္တသီလကို လက်တွေ့ ကျင့်သုံးရာတွင်လည်း……

"မကျင့်လျှင် မလိုက်နာလျှင် အပြစ်ဖြစ်သည်။ ကျင့်လျှင် အကျိုးရှိသည်ဟု 'ယုံကြည်သော သဒ္ဓါ' အားကောင်းပါမှ (ဦးစီးပါမှ) ဝါရိတ္တသီလကို ပြည့်စုံစေနိုင်ပါသည်။

စာရိတ္တသီလနှင့်ဝါရိတ္တသီလ ဤနှစ်ပါးတို့တွင် ဝါရိတ္တသီလကို လက်တွေ့ကျင့်သုံး ရာတွင် အထူးဂရုစိုက်ရမည့်အချက်ကို တင်ပြလိုပါသေးသည်။ ဝါရိတ္တသီလကို ကျင့်သုံးရာတွင် ရှောင်ကြဉ်နေပါသည်ဟု… ကျင့်သုံးနေရုံမျှ ကျင့်နေရုံမျှဖြင့် မိမိတို့ ဆောက်တည်လိုသော သီလသည် လုံးဝဥဿုံ ပြည့်စုံနေပါပြီဟူ၍ ပြောမရပေ။ အဘယ်ကြောင့်ဆိုသော်…. "ဝတ္တံ အပရိပူရေန္တော သီလံ န ပရိပူရတိ" ဟူ၍ ဟောတော်မူထားသောကြောင့် ဖြစ်သည်။

ဝါရိတ္တသီလတွင် 'ရှောင်ရမည့်သီလ' မျိုးနှင့် 'ဆောင်ရမည့်သီလ' မျိုး နှစ်မျိုးရော နှောပေါင်းစပ်ထားသော သီလမျိုး ဖြစ်နေပြန်သဖြင့် "ဖြည့်ကျင့်ရမည့် ကျင့်ဝတ်ကို ဖြည့်ကျင့် ခြင်း မပြုပဲ ရှောင်ကြဉ်ရုံမျှဖြင့် သီလနှင့်ပြည့်စုံသည်ဟူ၍ ပြော၍မရပေ။ သီလကို ဖြည့်

ကျင့်သည်မမည်''ဟု ဆိုထားသောကြောင့် ရှောင်ကြဉ်နေရုံမျှဖြင့် မပြည့်စုံ ရှောင်ကြဉ်စရာကို ရှောင်ကြဉ်ပြီး ဖြည့်ကျင့်စရာများကို ဖြည့်ကျင့်ပါမှ သီလနှင့်ပြည့်စုံသည်ဟု ဆိုရပါမည်။ သို့ဖြစ်၍ ဝါရိတ္တသီလကို ကျင့်သုံးရာတွင် 'ရှောင်ရန်ကိုရှော ဆောင်ရန်ကိုပါ'တွဲ၍ ကျင့်သုံးရသည်ကို သဘောပေါက်ကြဖို့ပင် ဖြစ်သည်။

ကျွန်ုပ်တို့ သီလကို ဖြည့်ကျင့်ရာတွင်... ''မင်္ဂဖိုလ် နိဗ္ဗာန်ကို ရည်သန်၍ သီလစသည်ကို ဖြည့်ကျင့်နေလျှင် ထိုပုထုဇဉ်ကို 'ကောင်းသောသူ၊ ကောင်းသော ပုထုဇဉ်ပုဂ္ဂိုလ် ဖြစ်သည်'ဟု ဝိသုဒ္ဓိမဂ် မြန်မာပြန်ကျမ်း၌ ဖွင့်ဆိုပြထားပါသည်။ ဤစကားအရဆိုလျှင်... သီလ... ဟူသည် သူတော်ကောင်းနှင့်သူယုတ်မာကို ခွဲခြားပြထားသော 'စည်း'တစ်မျိုးပင် ဖြစ်ပေတော့သည်။

ဤတွင် သီလ... ဟူသော 'စည်း'ကို အခြေပြုလျက် လောကလူသားများကို ခွဲခြားကြည့်လျှင်... ''သီလရှိသူသည် သူတော်ကောင်းဖြစ်ပြီး၊ သီလမရှိလျှင် သူယုတ်မာ'' ပင် ဖြစ်ပါတော့သည်။

မပြောက်မကျား၊ မကျိုးမပေါက်သော သီလရှိသူ(သီလလုံသူ)သည် ဖြူစင်ဝင်းမွတ်သော အပြစ်အနာကင်းစင်သော အလွန်လှပသော မျက်နှာနှင့်တူပါသည်။ သီလမရှိသူ၊ သီလမလုံသူသည်ကား... မျက်နှာပေါ်တွင် မှည့်ခြောက်များ၊ အမည်းကွက် အမည်းစက်များ၊ အဖုအထစ်နူနာရှိသော မျက်နှာနှင့်တူပါသည်။

ကျွန်ုပ်တို့ သီလကို စောင့်စည်းရာတွင် ပေါ့ပေါ့တန်တန် မလုပ်သင့်ပေ။ ရိုရိုသေသေ လေးလေးစားစား တန်ဖိုးထားကာ သီလ-ဟူသော ကိုယ်ကျင့်တရားကို ထက်တူထပ်မျှ စောင့်ရှောက်သင့်ပါသည်။ စောင့်ရှောက်ကြရပါမည်။

- ''တက်တီတူး ငှက်မသည် အသက်ကို မငဲ့ပဲ မိမိဥကို စောင့်ရှောက်သကဲ့သို့၊
- စမရီသားကောင်သည် မိမိအမြီးဆံကို စောင့်ရှောက်သကဲ့သို့၊
- မိခင်သည် ချစ်လှစွာသော တစ်ဦးတည်းသောသားကို စောင့်ရှောက်သကဲ့သို့၊
- မျက်စိတစ်ဖက်ပျက်သောသူသည် တစ်လုံးတည်းသော ကျန်ရှိသော မျက်စိကို စောင့်ရှောက်သကဲ့သို့....

ထိုအတူသာလျှင်... ကျွန်ုပ်တို့သည် မိမိ၏သီလကို အစဉ်အမြဲ မကျိုးမပေါက် မပြောက်မကြားရအောင် စောင့်ရှောက်သင့်ပါသည်။ စောင့်ရှောက်ရပါမည်။ သီလ-ဟူသည်မှာ အလွန်ချစ်အပ်၊ မြတ်နိုးအပ်သောကြောင့် ငယ်စဉ်ကာလအခါသမယမှ အစပြု၍ နပျိုစဉ်အရွယ်မှသည် အိုမင်းရင့်ရော်သည့် အရွယ်သို့တိုင်သည်အထိ အခါခပ်သိမ်း ရိုသေလေးစားစွာ စောင့်ရှောက်နေကြဖို့ပင်ဖြစ်သည်။ '

မြတ်ဗုဒ္ဓကိုယ်တော်တိုင်ကလည်း ``အိုသည့်တိုင်အောင် ကောင်းသည့်အရာမှာ-သီလဖြစ်ကြောင်း``ကို ဟောကြားတော်မူထားခဲ့ပေရာ… လောကလူသားတို့အနေဖြင့် ကိုယ်ကျင့်သီလများကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာ အိုသည်အထိ (သေသည်အထိ) စောင့်ထိန်းနေကြဖို့ လိုပါသည်။ သီလကို စောင့်ထိန်းနေနိုင်သည်နှင့်အမျှ မိမိဘဝကို မိမိကိုယ်တိုင် ပြုစုပျိုးထောင်နေခြင်း ဖြစ်ပါသည်။

မိမိဘဝကို ပြုစုပျိုးထောင်ခြင်းဟူသည် ကိုယ်ကျင့်တရားကို မြင့်မားအောင် အားထုတ်ခြင်းပင်ဖြစ်သည်။ မိမိ၏ ကိုယ်ကျင့်တရားကို မြင့်မားအောင် ပြုစုပျိုးထောင်ရာတွင် သီလဖြင့်သာ စတင်ဆောင်ရွက်ရပါသည်။ ထို့ကြောင့်… မိမိတို့ ကိုယ်ကျင့်တရားကို ပြုစုပျိုးထောင်နေသူတိုင်း အပြစ်မကင်းသော အပြောနှင့် အပြစ်မကင်းသော အလုပ်တို့တွင် အသိသတိတို့ဖြင့် ဆင်ခြင်ကာ ပြောမှု၊ ဆိုမှု၊ ဆောင်ရွက်မှု မှန်သမျှကို (မိမိ၏ကိုယ်နှုတ်နှစ်ပါးလုံးကို) ထိန်းသိမ်းရပါမည်။ ဤသို့ ``မိမိ၏ ကိုယ်နှင့်နှုတ်ကို ဆင်ခြင်၊ ထိန်းသိမ်းနေခြင်းကို သီလ…`ဆိုခြင်းဖြစ်ပေသည်။

ကိုယ်နှင့်နှုတ် စောင့်ထိန်းနေခြင်းကို ယေဘုယျအနေဖြင့် သီလ-ဟူ၍ ဆိုထားသော်လည်း သီလ၏ သဘောအဓိပ္ပါယ်မှာ ဤမျှမကပေ။ `ကုသိုလ်တရားဟူသမျှ သီလနှင့်ကင်း၍ မဖြစ်နိုင်သောကြောင့် ကုသိုလ်တရား၊ အားလုံး၏ အခြေခံ မူလဖြစ်၍နေသောကြောင့် လောကလူသားတိုင်း လုံခြုံအောင် စောင့်ထိန်းကြဖို့ လိုပါသည်။

သီလ၏ အစွမ်းသည် ဤပစ္စုပ္ပန်ဘဝနှင့် သံသရာသာမက သံသရာလွန် ချမ်းသာကိုပါ ရရှိနိုင်ပါသေး သည်။ ထို့ကြောင့်… လူလောကကြီး… မှန်ကန်ဖြောင့်မတ်ရေးနှင့် တရားမျှတရေး၊ ငြိမ်းချမ်းရေးတို့ ဖြစ်ထွန်းနေစေလိုလျှင် လောကလူသားတိုင်းပင် သီလ စောင့်သင့်ကြပါသည်။ သီလစောင့်ခြင်းဟူသည်… ဘုရားသွားကျောင်းတက် ဥပုသ်စောင့်နေရမည်ဟု မဆိုလိုပေ။ မိမိ၏နေ့စဉ်ဘဝအတွင်း၊ လူသားအချင်းချင်း ပြောဆိုပြုမူဆက်ဆံရာတွင် အပြစ်ကင်းသော စကားကို ပြောဆို၍ အပြစ်ကင်းသော အမှုကို ပြုရန်ပင် ဖြစ်ပါသည်။

တစ်ဦးကအစ တစ်ရာဆိုသလို လူတိုင်းသာ ကိုယ်ကျင့်သီလကို လုံခြုံစွာ စောင့်ထိန်းနိုင်ကြမည် ဆိုပါလျှင်… ``မကောင်းမှုကင်း၊ ဘေးရန်ရှင်း၊ လက်ငင်းချမ်းသာမည်``မှာ သေချာပေတော့၏။ လူသား တစ်ဦးချင်းစီ ကိုယ်စီကိုယ်ငှ စိမ်းချမ်းသာကိုယ်ချမ်းသာ ဖြစ်၍ နေကြပြီဆိုလျှင် ဤကမ္ဘာလောကကြီးသည် လည်း ချမ်းသာခြင်းအတိငြိမ်းချမ်းခြင်းအပြည့်တို့ဖြင့်… ကျက်သရေရှိသော လူသားကမ္ဘာကြီး ဖြစ်နေလိမ့်မည်သာတည်း။

**မိုးနန္ဒာ(ခန္တီးမြေ)**

# စန္ဒကုမာရဇာတ်တော်လာ လင်သားအတွက် မယား၏သစ္စာတန်ခိုး

နိုင်ကြည်မြင့်

ရှေးအခါက ပုပ္ဖဝတီမည်သော ဗာရာဏသီပြည်ဟောင်းတွင် ဝသဝတ္တိမင်းသား၏ သားမင်းပြုရာ ထိုမင်း၏သား စန္ဒကုမာရသည် အိမ်ရှေ့မင်း ဖြစ်လာသည်။ ထိုမင်း၌ ခဏ္ဍဟာလပုဏ္ဏား အမတ်ရှိရာ ထိုအမတ်သည် တရားဆုံးဖြတ်ရာ၌ လာဘ်စားလေ့ရှိကာ မမှန်မကန်လည်း ဆုံးဖြတ် လေ့ရှိသည်။

တစ်ခါတွင် မတရားသဖြင့် တရားရှုံးခဲ့သူတစ်ဦး၏ အမှုကို စန္ဒကုမာရက မှန်ကန်စွာ စီရင်ပေးရာ ခမည်းတော်မင်းကြီးက ပုဏ္ဏားအား ရာထူးချကာ စန္ဒကုမာရမင်းသားကို လွှတ်သဘင်သို့ တက်၍ တရားဆုံးဖြတ်ဟု အိမ်ရှေ့မင်းသားအား တရားသူကြီးအဖြစ်ကို ပေးတော်မူ၏။ ထိုနေ့မှစ၍ ခဏ္ဍဟာလပုဏ္ဏားအား လာဘ်ပူဇော်သက္ကာ ပဏ္ဏာကာရ ပြတ်လေ၏။

ခဏ္ဍဟာလပုဏ္ဏားသည် ထိုနေ့မှစ၍ အိမ်ရှေ့မင်းကြောင့်သာ ငါ့အားလာဘ်ပူဇော်သက္ကာရပြတ်၏ဟု အိမ်ရှေ့မင်းသားအား ရန်ငြိုးဖွဲ့လေသည်။ မင်းသားကို အဘယ်သို့သော အကြောင်းဖြင့် နှိပ်စက်ရပါအံ့နည်းဟု အခွင့်ကို ရှာစောင့်လျက်နေ၏။

ဧကရာဇ်မင်းသည် အလွန်ဉာဏ်ပညာနည်းသောသူဖြစ်သည်။ ဧကရာဇ်မင်းသည် အိမ်မက်တွင် ရတနာခုနစ်ပါးဖြင့်ပြီးသော မြို့တံတိုင်း၊ ရွှေသဲတို့ဖြင့်ခင်းအပ်သော ယူဇနာခြောက်ဆယ်အကျယ်ရှိသော ခရီးဈေးလမ်းမ၊ ယူဇနာတစ်ထောင်မြင့်သော ဝေဇယန္တာပြာသာဒ်စသော ထူးဆန်းသောဘုံဗိမာန်၊ နန္ဒဝန်ဥယျာဉ်ဖြင့် တန်ဆာဆင်ထားသော တာဝတိံသာနတ်ပြည်ကိုမြင်မက်သည်။

ခဏ္ဍဟာလပုဏ္ဏားသည် မင်းကြီးထံခစားဝင်အံ့သောငှါ နန်းတော်သို့ဝင်၍ မင်း၏အထံတော် ပုရောဟိတ်တို့နေရာ၌နေလေသည်။ အရှင်မင်းကြီးချမ်းသာစွာ အိပ်စက်တော်မူပါ၏လောဟု လျှောက်လေသော်-

ဆရာပုဏ္ဏား ဆရာကား တရားသဖြင့် ဆုံးမခြင်း၌ လိမ္မာ၏။ လူတို့သည် ကောင်းမှုပြုကုန်၍ နတ်ပြည်သို့သွားကုန်၏။ ထိုသူတို့ နတ်ပြည်သို့ သွားသကဲ့သို့ ငါလည်းနတ်ပြည်သို့ သွားလို၏။ ထို့ကြောင့်နတ်ပြည်သို့ ရောက်ကြောင်း ကောင်းမှုကို ငါ့အားမြွက်ကြားညွှန်ပြလော့ဟု ဆို၏။

ခဏ္ဍဟာလပုဏ္ဏားသည် ငါ၏ရန်သူပျက်စီးခြင်းကို မြင်ရတော့အံ့။ ငါ၏ရန်သူဖြစ်သော စန္ဒကုမာရမင်းသားကို သေကြေပျက်စီးအောင် ပြုခြင်းဖြင့် ငါ၏လိုအင်ဆန္ဒကို ပြည့်စေအံ့ဟု ကြံပြီးသော် အရှင်မင်းကြီး သူတပါးတို့ လှူနိုင်ခဲသော အတိဒါနကို ပြုခြင်း၊ မသတ်အပ်သော သူတို့ကို သတ်ခြင်းဖြင့် နတ်ပြည်သို့

ရောက်ကြကုန်၏ဟုဆိုသည်။

မင်းကြီးသည် ဆရာပုဏ္ဏားအတိဒါန ဟူသည်ကား အဘယ်နည်း မသတ်အပ်သော သူကား အဘယ်နည်း၊ ငါ့အားထင်ရှားအောင် ပြလော့။ ငါလျှုဒါန်းပူဇော်အံ့ဟု ဆို၏။

အရှင်မင်းကြီး မိမိရင်သွေးများဖြစ်သော သားသမီး မိဖုရားနှင့် သူဌေးတို့၏ လည်ချောင်းသွေးဖြင့် ယဇ်ပူဇော်ခြင်းသည်သာ သူတစ်ပါးတို့ စွန့်နိုင်ခဲသောကြောင့် အတိဒါနဖြစ်သည်ဟု ပြောဆိုအကြံပေးသည်။ ထိုသို့ အတိဒါနကို စီရင်နှီးနှောပြောဆိုကြသော မင်းပုဏ္ဏားနှစ်ယောက်တို့၏စကားကို နန်းတွင်း၌ မင်းခစား ပရိသတ် မှူးမတ်အပေါင်း မောင်းမမိဖုရားတို့ ကြားလေလျှင် တုံလှုပ်ကြောက်လန့်လျက် ငိုကြွေးမည်တမ်းကြကုန်၏။ မင်းကြီးက ပုဏ္ဏားအကြံပြုသည့်အတိုင်း သားသမီးစသည်တို့ကို ယဇ်ပူဇော်၍ စီမံစေသည်။

**သစ္စာကြောင့် သိကြားမင်းဆင်း၍ ကယ်ဆယ်ခန်း**

ထိုအခါခဏ္ဍဟာလပုဏ္ဏားသည် ရွှေခွက်ကို မင်းသားလည်တော်အောက်၌ ထားပြီးလျှင် သန်လျက်ကို ထမ်း၍ အိမ်ရှေ့မင်း၏လည်ကို ဖြတ်အံ့ဟု ရပ်၏။ ထိုခဏ္ဍဟာလပုဏ္ဏား၏ ကြောက်မက်ဖွယ်အမူအရာကို စန္ဒာဒေဝီမိဖုရား မြင်လျှင် ငါ့အားတစ်ပါးသောကိုးကွယ်ရာမရှိပြီ သစ္စာစကားသာ ကိုးကွယ်ရာဖြစ်ပေတော့သည်။ ငါ၏သစ္စာစကားဖြင့် ချစ်စွာသော လင်သည် ချမ်းသာစေသတည်းဟု လက်အုပ်ချီ၍ ပရိသတ်တို့အလယ်၌ လှည့်လျက် ပညာမရှိသော ခဏ္ဍဟာလပုဏ္ဏားသည် အကြင်မမှန်သော သဘောဖြင့် မကောင်းမှုကို ပြု၏။ ထို ခဏ္ဍဟာလမကောင်းမှုကို ပြု၏ဟု ဆိုသော ငါ၏ဟုတ်မှန်သော သစ္စာစကားကြောင့် ငါ၏ လင်သည် အတူတကွအသက်ထက်ဆုံး နေရစေသတည်း။ အကြင်ဘီလူး ဖုတ်ပြိတ္တာ မြေစောင့်နတ်တို့သည် ရှိကုန်၏။ ထိုနတ်တို့သည် ငါ့အား ကံကျေးပြုကြပါကုန်။ အကြင်နတ်တို့သည် ဤအရပ်သို့ လာကုန်လတ်၍ ငါ၏ကိုးကွယ်ရာကို ပြုကြပါကုန်၊ သင်တို့အား စောင့်သော တရားကို တောင်းပန်ပါ၏။ ငါသည် လင်မှ ဆားရန်ကို အောင်စေသတည်းဟု သစ္စာပြုပြီးလျှင် နတ်တို့ကို တောင်းပန်၏။

ထိုအခါ သိကြားမင်းသည် စန္ဒာဒေဝီမိဖုရား မြည်တမ်းသော အသံကိုကြား၍ ဆင်ခြင်လတ်၍ ထိုအကြောင်းကို သိပြီး၍ ထိုခဏာရဲရဲတောက်သော သံလှံတံကို လှည့်လည်လျက် ဧကရာဇ်မင်းကို ကြားစေ၍ ခြိမ်းခြောက်လိုတဲ့အတွက် ဟယ်မင်းယုတ် ငါ့ကို သင်မသိလော၊ သင့်ဦးခေါင်းကို ပြတ်အောင် ရိုက်ခတ်အံ့၊ ဦးခေါင်းပြတ်ခြင်းကိုကြောက်လျှင် အပြစ်ကင်းသော စန္ဒကုမာရမင်းသားကို မသတ်လင့်၊ ဟယ်မင်းယုတ် နတ်ပြည်ကို တောင်းတသဖြင့် အပြစ်မရှိသော သားမယားသူဌေး သူကြွယ်တို့ကို သတ်သည်ကို အဘယ်မှာ သင်မြင်ဘူးသနည်းဟု ဆို၏။

ထိုသို့ ခြိမ်းခြောက်သော သိကြားမင်းစကားကို ဧကရာဇ်မင်းနှင့် ခဏ္ဍဟာလပုဏ္ဏားတို့သည် ကြောက်မက်ဖွယ်သော အရောင်အဝါ ဘုန်းအာဏာနှင့်လာသော မဖြစ်ဘူးမြဲသော

အကြောင်းကို သိမြင်၍ ပြင်းစွာထိတ်လန့် ကြောက်ရွံ့သည်ဖြစ်၍ မင်းသား မင်းသမီးမှစ၍ ခပ်သိမ်းသော သူတို့ကို အနှောင်အဖွဲ့မှ လွတ်စေ၏။ ထိုမင်း မိဖုရား မင်းသား မင်းသမီး သူဌေး သူကြွယ်အပေါင်းတို့သည် အနှောင်အဖွဲ့မှ လွတ်ပြီးသော် အညီအညွတ် စည်းဝေးကြကုန်၍ -ဝမ်းမြောက်ဝမ်းသာဖြစ်ကြကုန်၏။ ထိုယဇ်အတွင်း၌ စည်းဝေးကုန်သော လူအပေါင်းတို့သည် အုတ်ခဲ တစ်ယောက်တစ်ခဲစီဖြင့် ခဏ္ဍဟာလပုဏ္ဏားအား ဒဏ်ပေးခြင်းကိုပြု၏။ ထိုအုတ်ခဲဒဏ်ဖြင့် ခဏ္ဍဟာလပုဏ္ဏား သေလေ၏။

ခဏ္ဍဟာလကိုသတ်ပြီးလျှင် လူအပေါင်းတို့သည် ဧကရာဇ်မင်းကို သတ်အံ့ဟု ပြုကြကုန်၏။ ဘုရားလောင်းအိမ်ရှေ့မင်းသည် အဖဘဝရှင်မင်းဧကရာဇ်ကို ဖက်၍ လူအပေါင်းအား အဖ၏အသက်ချမ်းသာကြောင်းကို တောင်းပန်၏။

ပြည်သူ ပြည်သားလူအပေါင်းတို့သည်လည်း မင်းယုတ်အား အသက်ကိုသာ ချမ်းသာပေးအံ့ ထီးနန်းစည်းစိမ်ကို ငါတို့မပေး မြို့တွင်းသို့ မဝင်စေရ၊ မြို့ပ၌ ဒွန်းစဏ္ဍားပြု၍နေစေအံ့ဟု ဆိုလျှက် မင်းဝတ်တန်ဆာကိုပယ်ခွါချွတ်ယူ၍ သစ်ခေါက်ဆိုးကို ဝတ်စေပြီးလျှင် နနွင်းဆိုးပုဆိုးညစ်ကို ဦးခေါင်းရစ်၍ ဒွန်းစဏ္ဍားလုပ်ပြီးသော် ဒွန်းစဏ္ဍားနေရာပို့စေ၏။

အကြင်သူတို့သည် သူ့ကိုသတ်၍ မိမိမူလည်း ယဇ်ပူဇော်အံ့၊ သူတစ်ပါးကိုမူလည်း ပူဇော်စေအံ့၊ သူတစ်ပါးပူဇော်သည်ကိုလည်း ဝမ်းမြောက်အံ့၊ ထိုသူတို့သည် ငရဲသို့သာ သွားရကုန်၏။

ခပ်သိမ်းသော သူတို့သည် မကောင်းမှုကို ပြုသောကြောင့် အောက်ငရဲသို့ ဝင်ရလေကုန်၏။ မကောင်းမှုကို ပြုသောကြောင့် ဤလူ့ပြည်မှ သေသည်ရှိသော် နတ်ပြည်သို့ မရောက်ကုန်။

**စန္ဒကုမာရမင်းသားကို ထီးနန်းအပ်နှင်းခန်း**

ပြည်သူပြည်သား လူအပေါင်းတို့သည်လည်း မင်းနှင့်ပုဏ္ဏား ဤသူယုတ်နှစ်ယောက်တို့ကို ပယ်ရှားစီရင်ပြီးသော် ထိုမြို့၌ပင် ရာဇာဘိသေကမင်္ဂလာ ရေးမှုထုံးဟောင်းရှိသည့်အတိုင်း စီရင် ခင်းကျင်းပြီးလျှင် စန္ဒကုမာရအိမ်ရှေ့မင်းသားကို အဘိသိက်သွန်း၍ ထီးနန်းအပ်ကုန်၏။ မင်းညီမင်းသား မင်းသမီး မင်းမိဖုရား ပြည်သူ ပြည်သား လူအပေါင်းတို့သည် တီးမှုတ်ကခုန် မြူးထူးကြကုန်လျှက် များစွာသော ပူဇော်သက္ကာကို ပြု၍ အဘိသိက်သွန်းကြကုန်၏။

ဤဇာတ်ဝတ္ထုတွင် စန္ဒဒေဝီမိဖုရား၏ သစ္စာစကားကြောင့် စန္ဒကုမာရမင်းသားနှင့် အပေါင်းပါအားလုံးတို့သည် ကိုယ်စိတ်နှစ်ပါး ချမ်းသာရာရရှိကြသည်။ သို့ဖြစ်သည့်အတွက် ကျွန်ုပ်တို့သည်လည်း ကိုယ်ချမ်းသာ စိတ်ချမ်းသာနှင့် နတ်ရွာသုဂတိသို့ ရောက်ရှိနိုင်ကြရန်အတွက် သစ္စာစကားကို ဆိုကြပါကုန်ဟု ဆန္ဒမွန်ဖြင့် ရေးသားတင်ဆက်လိုက်ပါသည်။

**နိုင်ကြည်မြင့်**

**သာသနဓဇဓမ္မာစရိယ**



# အမျှကုသိုလ် ပေးဝေလို

ထက်ခေါင်

ယနေ့ တစ်ချို့နေရာ တစ်ချို့ပုဂ္ဂိုလ်တို့၌ အမျှကုသိုလ် ပေးဝေမှု၊ မပေးဝေမှု၊ အငြင်းပွားလျက် ရှိသည်။ တစ်ချို့ကလည်း အလှူလှူပြီးရင် ပြီးတာပဲ၊ အမျှဝေစရာမလို၊ တစ်ချို့ကလည်း အမျှဝေသင့်တယ်၊ လှူရုံနဲ့ မပြီးသေးဘူး စသည်ဖြင့် ငြင်းခုံလျက် ရှိသည်။ လှူပြီးတာနဲ့ အမျှမဝေဘဲလည်း ရသည်။ အမျှဝေလည်းရသည်။ သို့သော်လည်း အမျှမဝေတာနဲ့ အမျှဝေတာ ဘာထူးလည်း မေးရင် အမျှဝေတာ ကုသိုလ်တိုးတယ်၊ အမျှမပေးရင် ကုသိုလ်မတိုးဘူး ဖြေရမည်။

ကုသိုလ်တရားသည် ဆယ်မျိုး ရှိသည်-

(၁) စွန့်ကြဲပေးကမ်းလှူဒါန်းမှုဒါန၊
(၂) အကုသိုလ်မဖြစ်အောင် ကိုယ်နှုတ်တို့ကို စောင့်စည်းမှုသီလ၊
(၃) လွန်ကဲမြင့်မြတ်တဲ့ကုသိုလ်စိတ်ကို စဉ်ဖြစ်စေမှု တိုးတက်ပွားများမှု ဘာဝနာ၊
(၄) အသက် သိက္ခာ ဂုဏ်ဝါကြီးသူတို့ကို ရိုသေမှု အပစာယန၊
(၅) မိဘ,ဆွေမျိုး ဂိလာန မိတ်သင်္ဂဟ စသူတို့၏ လုပ်ငန်းကိစ္စတွေကို ကူညီလုပ်ကိုင်ပေးမှု ဝေယျာဝစ္စ၊
(၆) မိမိရသောကုသိုလ်အဖို့ကို အမျှပေးဝေမှု ပတ္တိဒါန၊
(၇) ကုသိုလ်အဖို့ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုမှု ပတ္တာနုမောဒန၊
(၈) တရားကို ရိုသေစွာနာမှု ဓမ္မဿဝန၊
(၉) တရားတော်ကို ရိုသေစွာ ဟောကြား

မှု ဓမ္မဒေသနာ၊

(၁၀) အယူဖြောင့်မှန်အောင်ပြုပေးသည့် ဉာဏ်အမြင် ဒိဋ္ဌိဇုကမ္မဟု ကုသိုလ်ဆယ်မျိုးတို့ ဖြစ်သည်။

သို့ဖြစ်၍ အလှူလှူပြီး ကုသိုလ်ရှင်မှာ မိမိအလှူကို အမျှပေးဝေလျှင် ပတ္တိဒါန ကုသိုလ် တိုးပွားလာသည်။ မိမိအလှူရှင်ပေးဝေသော ကုသိုလ်အဖို့ကိုလည်း သူတစ်ပါးတို့ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြ၍ ထိုသူတို့မှာလည်း ပတ္တာနုမောဒန ကုသိုလ်ရရှိကြသည်။ ထို့ကြောင့် အလှူရှင်သည် အမျှဝေလိုက်ခြင်းဖြင့် မိမိမှာ ထပ်ဆင့်ကုသိုလ်တိုးသလို သူတစ်ပါးတို့အားလည်း ကုသိုလ်တစ်ခု မိမိကိုအကြောင်းပြု၍ ရစေလိုပါသည်။

ဤနေရာ၌ အလှူရှင်က မိမိကုသိုလ်အဖို့ကို ပေးဝေလိုက်သောကြောင့် ကိုယ့်ကုသိုလ် သူတစ်ပါး ပေးရာရောက်၍ ကုသိုလ်မရှိ (မရ)တော့ဘူးလား မေးဖွယ်ရာရှိ၏။ ထိုအကြောင်းကို အန္နဘာရဇာတ်အကြောင်းအရ ဤသို့ သိရပေမည်။

ရှေး၌ ဗာရာဏသီပြည်ဝယ် သုမနသူဌေးတစ်ဦးရှိခဲ့၏။ ထိုသူဌေးအိမ်၌ အန္နဘာရအမည်ရှိ မြက်ထမ်းသမားတစ်ယောက်ရှိ၏။ တစ်နေ့မှာ ထိုမြက်ထမ်းသမားလေးသည် ဥပရိဋ္ဌပစ္စေကဗုဒ္ဓ အရှင်မြတ်ကို သူ့အဖို့ဝေစုရသည့် ဝေပုံကျထမင်းကို သူမစားဘဲ လှူဒါန်းလိုက်၏။ ထိုအလှူကို သိသော သုမနသူဌေး၏ ထီးချက်စောင့်နတ်သမီးက ကောင်းချီးသြဘာပေးပြီး သာဓုသုံးကြိမ်ခေါ်ဆိုလေ၏။ ထိုအခါ သုမနသူဌေးသည် နတ်သမီးအား သင်သည် အခုမှ သာဓုခေါ်ရသနည်း။ ငါအလှူပေးသည်မှာ ကြာမြင့်ပြီ၊ သင်မမြင်ပေဖူးလားဟု မေး၏။

နတ်သမီးက သူဌေးကြီး အကျွန်ုပ်သည် သင့်အလှူကို သာဓုခေါ်ဆိုသည်မဟုတ်ပါ။ ဥပရိဋ္ဌပစ္စေကဗုဒ္ဓ အရှင်မြတ်အား အန္နဘာရပေးလှူအပ်သော ဆွမ်းအလှူကို ကြည်ညိုပြီး သာဓုခေါ်ခြင်းဖြစ်ပါသည်။ ထိုအခါ သုမနသူဌေးမှာ အံ့သြသွား၏။ ငါ့မှာ အကြိမ်များစွာ ပေးလှူနေပါလျက် နတ်သမီးက သာဓုမခေါ်၊ တစ်ကြိမ် တစ်ခါသာလှူသော အန္နဘာရ၏ အလှူကိုတော့ သာဓုခေါ်၏။ အန္နဘာရ၏ အလှူကို ငွေအသပြာ တစ်ကျပ်မှ တစ်ထောင်တိုးပြီး ဝယ်ယူသည်။ အန္နဘာရသည် သူဌေးကြီး တစ်ထောင်တိုးပြီး ဝယ်သည်ထိ မရောင်းပါဟု ဆိုလေ၏။

သုမနသူဌေးသည် ဝယ်ယူလို့မရသည့်အဆုံး၌ အလှူအဖို့ အမျှကို ပေးဝေပါ၊ အသပြာတစ်ထောင်လည်း ပေးပါမည် ပြော

၏။ ထိုအခါမှာတော့ အန္တဘာရသည် အလှူအဖို့ဘာဂ အမျှပေးဝေသင့် မသင့်ကို အရှင်ပစ္စေက ဗုဒ္ဓါနှင့် တိုင်ပင်ပါရစေဦး ပြောကာ သွားလျှောက်မေးမြန်းသည်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်က ``ဒကာတော် ရွာတစ်ရွာ၌ အိမ်ခြေတစ်ရာရှိ၏၊ တစ်အိမ်မှာ ဆီမီးထွန်းထား၏၊ ကြွင်းကျန်သော အိမ်တို့က ထိုဆီမီးထွန်းထားသော အိမ်သို့ မီးကူးကြ၏။ ထိုသို့ မီးကူးသဖြင့် ပထမအိမ်က အရောင် အလင်း လျော့သွားမလား``ဟု မိန့်တော်မူလိုက်၏။ အန္တဘာရက မလျော့သည့်အပြင် အရောင်အလင်း ပိုလာပါမည် လျှောက်တော့၏။

``ဒကာတော် ထိုနည်းဥပမာ အတိုင်းပင် ယာဂုတစ်ဇွန်းမျှဖြစ်စေ၊ ဆွမ်းတစ်ဇွန်းမျှဖြစ်စေ၊ မိမိဆွမ်းအလှူ အဖို့ဘာဂ အမျှကို သူတစ်ပါးတို့အား အမျှဝေလျှင် သာဓုခေါ်သူများသလောက် အလှူအကျိုးများလေ၏။ ယခု သင်, ဆွမ်းတစ်ပါးစာ လှူ၏၊ သူဋ္ဌေးအား အမျှဝေလျှင် ဆွမ်းနှစ်ပါးစာ ဖြစ်သွား၏``ဟု ရှင်းပြလေ၏။ ဤအန္တဘာရဇာတ်အကြောင်းအရ အမျှဝေသင့်ကြောင်း သိရပေ၏။

အမျှဝေရာ၌လည်း နှစ်မျိုးရှိနေ၏။ ထိုနှစ်မျိုးကလည်း သူ့နည်းနှင့်သူ အချိုးတကျဝေတတ်ရ၏။ အချိုးတကျ ဝေတတ်မှလည်း အချိုးတကျ အကျိုးရှိပါ၏။ (၁) ပြိတ္တာဖြစ်နေသူ တစ်စုံတစ်ယောက်ကို သီးခြားရည်စူးပြီး ပေးဝေအပ်သောအဖို့ ``ဥဒ္ဒိဿိကပတ္တိ``၊ (၂) တစ်စုံတစ်ယောက်အတွက် မဟုတ်ဘဲ သတ္တဝါအများကို ပေးဝေအပ်သောအဖို့ ``အနုဒ္ဒိဿိကပတ္တိ``တို့ ဖြစ်သည်။ သီးခြားရည်စူးပြီး ပေးဝေသော ဥဒ္ဒိဿိကပတ္တိကို တမလွန်ဘဝ ပြောင်းသွားသည့် ပုဂ္ဂိုလ်ကို ရည်စူးကာ ပေးဝေသည့်အတွက် ပြိတ္တာဘုံဘဝ ရောက်နေသူက သာဓုအနုမောဒနာခေါ်ဆိုလျှင် ချက်ချင်း ဒိဋ္ဌဓမ္မအကျိုးရသည်။ သီးခြားရည်စူးပြီး အမျှပေးဝေရမည့်နေရာမှာ သီးခြားမရည်စူးဘဲ သာမာန်အမျှဝေလျှင် သီးခြားရည်စူးပြီး အမျှဝေမှ ရမည့် ပြိတ္တာမှာ အမျှမရတော့ပေ။ ထို့ကြောင့် အချိုးတကျ ပေးဝေရ၏။

ဘုရားရှင်လက်ထက်၌ ဗိမ္ဗိသာရမင်းသည် ဘုရားအမှူးရှိသော သံဃာအား ဆွမ်းကပ်ပြီး၍ ရည်စူးအမျှ မပေးဝေမိလို့ ညအခါ ဆွေမျိုးတော်စပ်ခဲ့ကြသော ပြိတ္တာများက မင်းကြီးအား ကိုယ်ထင်ပြကြ၏။ ဘုရားရှင် ပွင့်တော်မူစက ဗိမ္ဗိသာရမင်းကြီး၏ ဆွေဟောင်းမျိုးဟောင်းတို့မှာ ပြိတ္တာဖြစ်နေတာ အများကြီးရှိ၏။ ထိုပြိတ္တာတို့က ဗိမ္ဗိသာရမင်းသည် သူတို့ကို ရည်မှန်းကာသိုလ်ပြု အမျှဝေလို့ သာဓုခေါ်ရလျှင်

ကျွတ်မည်ဆိုတာ သိကြတော့ ဘယ်တော့များ မင်းကြီးက ကုသိုလ်ပြုပြီး သူတို့ကို ရည်စူးကာ အမျှဝေပါ့မလဲဟု မျှော်လင့်ကာ နေကြသည်။ ဗိမ္ဗိသာရမင်းကြီးသည် ပထမအကြိမ် ဝေဠုဝန်ကျောင်းတော် ရေစက်ချပွဲ၌ အမျှမဝေမိလို့ ထိုပြိတ္တာတို့ သာဓုမရမကျွတ်ဘဲရှိကြသည်။ ထို့ကြောင့် ညအခါမှာ မင်းကြီးအား ကိုယ်ထင်ပြကြခြင်း ဖြစ်သည်။

နောက်တော့ ဘုရားရှင် ညွှန်ကြားတော်မူသည့်အတိုင်း ဆွမ်းကပ် အမျှဝေ သင်္ကန်းကပ် အမျှဝေ ပြုပေးလိုက်သည့်အတွက် ထိုပြိတ္တာများ ကျွတ်လွတ်ကာ နတ်ချမ်းသာများ ခံစားကြရတော့သည်။ ထို့ပြင် ရည်စူးကုသိုလ်ပြုရာ၌ ရည်မှန်းမည့် ပုဂ္ဂိုလ်ကိုလည်း ရက်လည် လလည် နှစ်လည် ဘယ်လောက်ကြာကြာ ဖိတ်ခေါ်မှု ပြုရ၏။ အမျှဝေသောအခါမှာလည်း နာမည်တပ်၍ ပေးဝေရပါ၏။ ဤသို့ အချိုးတကျပေးဝေလျှင် သီးခြားရည်စူး ဥဒ္ဒိဿိကပတ္တိအမျှသည် ဒိဋ္ဌဓမ္မ အကျိုးရစေမည် ဖြစ်ပါ၏။

အမျှပေးဝေမှုကို စင်စစ်သူတော်ကောင်းများ အလွန်နှစ်ခြိုက်ကြ၏။ သိကြားမင်းသည် ဘုရားရှင်အား လျှောက်ထားဖူး၏။ ရဟန်းတော်များ၏ ကုသိုလ်တရားများကို အမျှတမ်း ပေးဝေရန်ဖြစ်၏။ အမျှတမ်းဝေလျှင်လည်း သူ, ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုမည့်အကြောင်း လျှောက်၏။ ဓမ္မကထိက ကိုယ်ရင်လေးသာနု၏ မယ်တော်ဖြစ်ခဲ့ဘူးသော ဘီလူးမတစ်ဦးသည်လည်း သားတော်ကိုရင်လေး တရားပွဲ အမျှပေးဝေမှုကို သာဓုခေါ်ဖို့ တရားပွဲတိုင်း ကိုရင်လေးနောက်လိုက်လျက် သာဓုခေါ်လေ၏။ ယမမင်းကြီးသည်လည်း ကံအားလျော်စွာ ငရဲ၌ ကျရောက်လာသူတို့ကို စစ်ဆေးမေးမြန်းလေ့ရှိရာ ငရဲသားတို့ ကုသိုလ်ကို ပြန်အမှတ်ရစေဖို့ သူ့အား လူ့ဘဝတုန်းက အမျှဝေဘူးသလား မေး၏။ ငရဲသားတို့သည် ယမမင်းကြီးအား အမျှဝေဘူးကြောင်း သတိရ၍ ကုသိုလ်ကို ပြန်လည်အမှတ်ရစေကြ၏။ ကုသိုလ်ကို ပြန်လည် အမှတ်ရကြသော ငရဲသားတို့မှာ ငရဲမှလွတ်မြောက်ကြရသည်။

သို့ဖြစ်၍ ကုသိုလ်ပြုတိုင်း မိမိကုသိုလ်ကို သီးခြားရည်စူး၍ဖြစ်စေ၊ သီးခြားမရည်စူးဘဲ သတ္တဝါအများ အတွက်ဖြစ်စေ အမျှပေးဝေသင့်ကြောင်း ရေးသားလိုက်ရပါ၏။

**ထက်ခေါင်**

# ရင်နှစ်သည်းခြာ အလိမ္မာကဏ္ဍ

## လောကလူသားတို့ လိုက်နာရန် နည်းလမ်းအသိပညာများ

ဖူးပွင့်ဝေ

"မင်္ဂလာပါဆရာမ"

"မင်္ဂလာပါတပည့်တို့"

ဆရာမက ဒီနေ့တပည့်တို့ကို လောကလူသားတွေသိသင့်သိထိုက်တဲ့ အတတ်ပညာတွေနဲ့ ပတ်သက်ပြီး လောကနီတိ ဆုံးမစာတွေကို ထပ်ပြီးပြောပြမယ်ကွဲ့။

"ဟုတ်ကဲ့ပါဆရာမ"

လောကနီတိဆုံးမစာမှာ အတတ်ပညာနဲ့ပတ်သက်ပြီး အတတ်ပညာ(၁၈)ရပ်ရှိတယ်ကွဲ့၊ အဲဒါကိုကော တပည့်တို့ သိကြရဲ့လားကွဲ့။

"မသိပါဘူးဆရာမ"

အေးမသိသေးရင် ဆရာမပြောပြမယ်ကွဲ့၊ ၁။ အကြားအမြင်အတတ်၊ ၂။ ဓမ္မသတ်၊ ရာဇသတ်အတတ်၊ ၃။ ဂဏန်းသင်္ချာအတတ်၊ ၄။ တံစဉ်း၊ စူးဆောက်စသော လက်သမားအတတ်၊ ၅။ နီတိကျမ်းအတတ်၊ ၆။ ယာယီယတြာစသော ဗျာကရဏ်းအတတ်၊ ၇။ စောင်း ငြင်းစသော ကဗျာလင်္ကာအတတ်၊ ၈။ လက်ချိုးရေတွက်သည့်အတတ်၊ ၉။ ဒူးလေး၊ လင်းလေအတတ်၊ ၁၀။ စကားဟောင်းထုံးဟောင်း သမိုင်းရာဇဝင်အတတ်၊ ၁၁။ ဆေးအတတ်၊ ၁၂။ ရယ်ရွှင်မှုဟာသ အတတ်၊ ၁၃။ ဗေဒင်အတတ်၊ ၁၄။ လှည့်ပတ်တတ်သော မျက်လှည့်အတတ်၊ ၁၅။ ဆန်းကျမ်းအတတ်၊ ၁၆။ သံတမန်အတတ်၊ ၁၇။ မန္တာန်အတတ်၊ ၁၈။ သဒ္ဒါကျမ်းအတတ် ဤသည်တို့ကား အတတ်ပညာတစ်ဆယ့်ရှစ်ရပ်ဖြစ်

တယ် ကွဲ့၊ သိကြပြီလားကွဲ့။

"သိပါပြီဆရာမ"

အေးလောကမှာရှိတဲ့ ပညာရှိသူ မှန်သမျှဟာ စည်ကြီးနဲ့တူတယ်ကွဲ့၊ စည်ကြီး ကတီးမှအသံမြည်သလို ပညာရှိတို့သည်လည်း မေးမြန်းသူရှိမှ မိုးကြီးရွာချသလို ဖြေကြား တတ်တယ်ကွဲ့၊ မေးမြန်းသူမရှိရင် မိမိပညာ တတ်မှုကို လျှို့ဝှက်ထားတတ်ကြတယ်ကွဲ့. ပညာရှိသူရဲ့သဘောကို နားလည်ကြပြီ လားကွဲ့။

"နားလည်ပါပြီဆရာမ"

အေးပညာမဲ့ သူအချို့ကတော့ သူတတ်ထားတာကနည်းနည်း၊ သူ့ကိုအခြား သူတွေက အထင်ကြီးအောင်၊ လေးစားအောင် ပြောဆိုနေတတ်တယ်ကွဲ့။

အေးအဲဒီလိုဘဲ ပေစာ၊ စာအုပ်တို့တွင် ရှိသောအတတ်ပညာ၊ သူတပါးတို့၏ ပစ္စည်း ဥစ္စာတို့သည် ပြုဖွယ်ကိစ္စရှိသောအခါ မရနိုင် သောကြောင့် အတတ်ပညာမမည်၊ ဥစ္စာမမည်- မိမိတတ်သောအတတ်ပညာသည်သာ အတတ် ပညာမည်သည်- မိမိလက်၌ရှိသော ဥစ္စာ သည်သာ မိမိဥစ္စာဖြစ်တယ်ကွဲ့။

မင်းတို့ဘေးမှာ ထောင်ထားချထား တဲ့ စာအုပ်ထဲမှာပါတဲ့ ပညာရပ်တွေဟာ မင်းတို့ တတွေ မလေ့လာ မဖတ်ကြား မမှတ်သားဘူး ဆိုရင် မင်းတို့အတွက် အသုံးမဝင်ဘူးမဟုတ် ဘူးလားကွဲ့။

"မဝင်ပါဘူးဆရာမ"

အေး နောက်တစ်မျိုးကတော့ လောကမှာလူယုတ်မာ၊ လူလိမ္မာဆိုတာ မင်းတို့မြင်ဘူး၊ ကြားဘူးကြတယ် မဟုတ် လား။

"မြင်ဘူး၊ ကြားဘူးပါတယ်ဆရာမ"

အေးအဲဒီလိုဘဲ အမျိုးယုတ်၊ အမျိုးမြတ်ကိုကား ထိုသူ၏ကိုယ်အမူအရာ၊ နှုတ်အမူအရာ အကျင့်ကို ကြည့်ခြင်းဖြင့် သိနိုင်တယ်ကွဲ့၊ ထိုသူပညာရှိမရှိကို စကားပြောဆိုသောစကားကို ထောက်၍ သိနိုင်တယ်ကွဲ့။ လောကမှာ မြေကောင်း၊ မကောင်းကိုကား မြက်ပင်ညှိုး၊ မညှိုးကို ကြည့်ခြင်းဖြင့် သိနိုင်သလိုပေါ့ကွယ် အဲဒီသဘောသဘာဝကို မင်းတို့သဘောပေါက် ကြရဲ့လားကွဲ့။

"သဘောပေါက်ပါတယ်ဆရာမ"

အေးအဲဒီလိုဘဲ လောကမှာ ဗဟုသုတ နည်းသောသူသည် အနယ်းငယ်ဗဟုသုတ ရှိသည်ကို အများကြီး တတ်သလို မိမိကိုယ်ကို အထင်ကြီးပြီး မာန်တက်တတ်တယ်ကွဲ့၊

လောကဥပမာအားဖြင့်ဆိုရင်ကွယ် သမုဒ္ဒရာရေကို မမြင်ဖူးသော ဖားသူငယ်သည် ရေတွင်းထဲမှ ရေကို အများကြီးထင်သလိုပေါ့၊ မြန်မာစကားပုံရှိတယ်လေကွဲ့၊ မြစ်မမြင်ဘူး၊ မှူးမြစ်ထင်ဆိုတာမျိုးပေါ့။

အေးဒါကြောင့် တပည့်တို့လည်း မိမိကိုယ်ကို အတတ်ပညာဤမျှတတ်ရုံလေးနှင့်အတတ်ပညာ နည်းနည်းတတ်သည်ကို များများတတ်သယောင် စိတ်ကြီးဝင်၍ မနေရဘူးကွဲ့၊ မိမိကိုယ်ကိုနှိမ့်ချပြီး တတ်သင့်၊ တတ်ထိုက်တဲ့ အတတ်ပညာ၊ ဗဟုသုတလေးကို စာအုပ်စာပေတွေကနေ လေ့လာရမယ်။ ပတ်ဝန်းကျင်ကို ကွင်းဆင်း သုတေသနပြု လေ့လာမှု ပြုမှတ်သားရမယ်ကွဲ့၊ အင်းဝခေတ်က ရှင်မဟာသီလဝံသမထေရ်က ပညာရှာနည်း လေ့လာနည်းကို ပေးထားတာ မင်းတို့ကြားဘူး၊ ကြည့်ဘူးကြမှာပေါ့။

"ကြားဘူးကြလား"

"မကြားဘူးပါဘူး ဆရာမ"

အေးမကြားဘူးရင် မင်းတို့ပညာရှာရာမှာ အထောက်အပံ့ရအောင် ဆရာမပြောပြမယ်ကွဲ့၊ မှတ်ထားကြနော်။

"မှတ်ထားပါမယ်ဆရာမ"

အေးဆရာမက ပါဠိလို သု-စိ-ပု-ဘ-ဝိ, လိ-သိ-ဓာ အက္ခရာရှစ်လုံး ဤစာလုံးကို သီကုံးဖန်ဆင်း နေထိုင်သင့်လော့တဲ့ဆိုပြီး နည်းလမ်းပေးသွားကယ်ကွဲ့။ တစ်လုံးစီအဓိပ္ပါယ်ကောသိကြရဲ့လား။

"မသိပါဘူးဆရာမ"

အေးမှတ်ထား ဆရာမတစ်ခုစီပြောပြမယ် သု-သုဏေယျ=နာကြားရာ၏။ စိ-စိန္တေယျ=ကြံစည်ရာ၏။ ပု-ပုစ္ဆေယျ=မေးမြန်းရာ၏။ ဘ-ဘာသေယျ=ရွတ်ဖတ်ရာ၏။ ဝိ-ဝိစာရေယျ=စီစစ်ရာ၏။ လိ-လိခေယျ=ရေးသားရာ၏။ သိ-သိက္ခေယျ=သင်ကြားရာ၏။ ဓာ-ဓာရေယျ=ဆောင်ရာ၏။ အဲဒီရှစ်ချက်ကို သေချာမှတ်ထားပြီး ပညာကိုရအောင် လေ့လာမှတ်သားရမယ်နော်။

"ဟုတ်ကဲ့ပါဆရာမ"

အေး ဒီနေ့တော့ ဒီလောက်ဘဲ ထားကြပါစို့ကွဲ့။

"မင်္ဂလာပါဆရာမ"

"မင်္ဂလာပါတပည့်တို့"

ဖူးပွင့်ဝေ

# မြန်မာနိုင်ငံ ရိုးရာပါဠိစာပေသင်ကြားရေး

# Traditional Pali Studies in Myanmar

ဦးအောင်သိန်းညွန့် (ဒု-ညွှန်ချုပ်(ငြိမ်း) သာသနာရေး)
U Aung Thein Nyunt (Retd. DYDG Religious Affairs)

ပုဂံခေတ်မှစ၍ မြန်မာနိုင်ငံသည် ဗုဒ္ဓသာသနာတော်ထွန်းကားလာခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။ ၁၉၁၃-ခုနှစ် စာရင်းအရ မြန်မာနိုင်ငံမြို့နယ်ပေါင်း ၃၃၅-မြို့နယ်၊ ကျေးရွာပေါင်း ၆၀၀၀၀-ကျော်တွင် ဘုန်းတော် ကြီးကျောင်းပေါင်း ၆၈၁၃၁-ကျောင်း၊ သီလရှင်ကျောင်းပေါင်း ၃၄၃၈-ကျောင်းတွင် ရဟန်းတော်ပေါင်း ၂၆၅,၂၀၄-ပါး၊ သာမဏေပေါင်း ၂၉၁,၂၉၃-ပါးနှင့် သီလရှင်ပေါင်း ၄၅,၃၅၃-ပါးတို့ သီတင်းသုံးတော်မူလျက်ရှိသည်။ စာသင်သား ၁၀၀ အထက် ပရိယတ္တိစာသင်တိုက်ပေါင်း ၂၀၀ခန့်ရှိပြီး၊ စာသင်သား ၅၀နှင့်၁၀၀ အကြားရှိ ပရိယတ္တိစာသင်တိုက်ပေါင်း ၃၀၀-ခန့်ရှိသည်။ နှစ်စဉ် ဓမ္မာစရိယတန်း၊ ဖြေဆိုသူ ၂၂,၀၀၀ ခန့်ရှိသည့်အနက် ၃၀၀-ခန့်၊ ပထမကြီးတန်း၊ ဖြေဆိုသူ ၁၅၀၀၀ ခန့်ရှိသည့်အနက် ၁၅၀၀ခန့်၊ နိကာယ်စာမေးပွဲဖြေဆိုသူ ၁၆၀၀၀ခန့်ရှိသည့်အနက် ၁၀၀၀ခန့်၊ အဘိဓမ္မာဝိသုဒ္ဓိမဂ်စာမေးပွဲဖြေဆိုသူ ၂၃၀၀၀ ခန့်ရှိသည့်အနက် ၁၅၀၀၀-ခန့် တို့သည် သက်ဆိုင်ရာစာမေးပွဲများကို အောင်မြင်လျက်ရှိသည်။ ၂၀၁၄-ခုနှစ်တွင် ကျင်းပသော ၆၆-ကြိမ်မြောက် တိပိဋကရွေးချယ်ရေးစာမေးပွဲကြီးတွင် အာဂုံဖြေဆိုသူ ၉၄-ပါးရှိသည့်အနက် ၆၄-ပါးအောင်မြင်ခဲ့ပြီး၊ သဘောရေးဖြေ-ဖြေဆိုသူ ၁၅၃-ပါး ရှိသည့်အနက် ၁၄-ပါး အောင်မြင်ခဲ့သည်။ ယနေ့ကာလတွင် ယင်းစာမေးပွဲကြီးကျင်းပလာခဲသည့် ၆၅-နှစ်တာကာလအတွင်း တိပိဋကဓရဘွဲ့ရ အရှင်မြတ် ၄-ပါး၊ တိပိဋကဓရတိပိဋက ကောဝိဒဘွဲ့ရ အရှင်မြတ် ၁၃-ပါး ပေါ်ထွန်းခဲ့သည်။

Since Bagan age Myanmar has been a land where Buddha's teachings flourished, In 2013 there are 265,204 monks, 291,293 novices and 45,353 nuns residing at 68,131 monasteries and 3438 nunneries in over 60,000 villages and 335 townships of Myanmar. There are about 200 Pariyatti

Pali learning centers with over 100 students and about 300 Pariyatti Pali Learning Centers with a number of 50-100 students. Annually about 300 out of 22000 candidates passed Dhammacariya Lectureship examination; about 1500 out of 15000 candidates passed Pahtamagyi (Grade 1) examination, about 1000 out of 16000 candidates passed five Nikaya examination; about 15000 out of 23000 candidates passed Abhiddhama and Visuddhimagga examination; in Sixty Sixth Tipitaka Selection examination in 2014, 64 out of 94 candidates in recitation from memory passed and 14 out of 153 candidates with written interpretative test passed; today Tipitakadharas are four in number and Tipitakadhara TipitakaKovida title holders are 13 in number within 65 years.

၎င်းအပြင် စေတိယင်္ဂဏပရိယတ္တိအသင်း၊ သကျသီဟသာသနဟိတ ပရိယတ္တိအသင်း၊ သုသမာစာရပရိယတ္တိအသင်း၊ သုဓမ္မာပရိယတ္တိ စာပြန်ပွဲကြီးစသော အမျိုးသား ပါဠိပရိယတ္တိ အသင်းများကို ပိဋကပါဠိကျမ်းစာများ သင်ကြားရေးအတွက် အထောက်အပံ့ပေးရန် ဖွဲ့စည်းကြပြီး ထိုအမျိုးသား ပရိယတ္တိအသင်း များက ၎င်းတို့၏ နယ်မြေဒေသများတွင် အဆင့်မြင့်ပရိယတ္တိစာမေးပွဲများကို ကျင်းပ ခဲ့ကြသည်။ မြန်မာ့ပါဠိစာပေသင်ယူခြင်းတွင် သာသနာလင်္ကာရသာမဏေကျော်စာမေးပွဲများ သည်လည်း အထောက်အကူများဖြစ်ခဲ့သည်။ များစွာသော ရဟန်းသာမဏေများသည် ယင်း စာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုကြပြီး နှစ်စဉ် ၁၅၀၀-ခန့်သည် ယင်းပရိယတ္တိပါဠိကျမ်းစာ အဆင့်မြင့်စာမေးပွဲများတွင် အောင်မြင်ကြသည်။

Furthermore, National Pali Pariyatti examination boards, such as Cetiyangana Pariyatti Association, Sakyasiha Sasanahita Pariyatti Association, Susamacara Pariyatti Association, Suddhama Pariyatti Association, etc, are formed to support the study of Pali Pitaka Texts and they hold higher Pariyatti Examinations in their respective regions. Sasanalankara Samanekyaw examinations are also the supporters of the traditional Pali study in Myanmar, Many monks and novices are very willing to sit for these examinations and annually about 1500 candidates pass these higher Pariyatti Pali text examinations.

အထက်ဖော်ပြပါ ပရိယတ္တိပါဠိစာမေးပွဲ များကို ထောက်ရှုပါက မြန်မာနိုင်ငံ ရိုးရာပါဠိ စာပေသင်ကြားရေးသည် ပုံမှန်အတိုင်း ချောမွေ့ စွာ စီးဆင်းလျက်ရှိကြောင်း ကောက်ချက်ချနိုင် သည်။ ပရိယတ္တိပါဠိစာပေပို့ချသူနှင့် သင်ယူ

သူများသည်လည်း ၎င်းတို့၏ ပုံမှန်ဆောင်ရွက်ချက်များကို လုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရသည်။

With reference to the above Pariyatti Pali examinations, it can be deduced that the traditional Pali Study in Myanmar is smoothly flowing in its regular way. Pariyatti Pali text lecturers and their learners are also on their regular practice on these days.

သို့ရာတွင် သတင်းအချက် နည်းပညာခေတ်ကြီးတွင် သတင်းအချက်အလက်များ အလွန်လျှင်မြန်စွာ ပျံ့နှံ့လျက်ရှိပြီး ရိုးရာပါဠိပိဋကကျမ်းစာများသင်ကြားလေ့လာရေးအပြင် သင်ယူစရာဘာသာရပ်များသည်လည်း အလွန်များပြားလျက်ရှိသည်။ ခေတ်ပေါ်ဘာသာရပ်အချို့ကိုသင်ယူလိုပါက နိုင်ငံခြားဘာသာတစ်ခုခု၏ အကူအညီရယူလျက် အင်တာနက်မှတစ်ဆင့် တွဲသင်ယူလိုသော ဘာသာရပ်ကို သင်ယူနိုင်ကြသည်။ မြန်မာနိုင်ငံရှိ အချို့သော ရှင်ငယ်ရဟန်းငယ်များသည် အဆိုပါခေတ်ပေါ်ဘာသာရပ်များကို သင်ယူစိတ်လွန်စွာပြင်းပြလျက်ရှိကြပြီး နိုင်ငံခြားဘာသာစကားအချို့ကိုလည်း သင်ယူလေ့လာရန် အားထုတ်ကြသည်။ သို့ဖြစ်၍ ပထမလတ်တန်း(သို့မဟုတ်) ပထမကြီးတန်းကို အောင်မြင်ပြီးနောက် အဆိုပါ ရှင်ငယ်ရဟန်းငယ်များသည် ပြည်တွင်းပြည်ပတို့၌ ဘီအေဘွဲ့ဒီဂရီစသော သင်တန်းများ တက်ရောက်ရန် အားထုတ်ကြသည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် ဖွင့်လှစ်ထားသော နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်နှစ်ခုတို့က အကြောင်းအမျိုးမျိုးကြောင့် ၎င်းတို့၏ မျှော်မှန်းချက်များကို ဖြည့်စွမ်းနိုင်စွမ်းမရှိပေ။

Nevertheless, in the age of IT, information is very swiftly wide spread and the subjects to be studied are also many, apart from the study of traditional Pali Pitaka texts, If you want to study some modern subjects you can do it through the Internet with the assistance of a certain foreign language. Some young monks and novices in Myanmar are very willing to study these modern subjects and they try to learn some foreign languages. Thus after they have passed Second Grade (Pahatapalat) or First Grade (Pahtamagyi) they try to join the B.A degree classes etc, both inland and abroad. The two State Pariyatti Sasana Universities, one in Yangon and the other in Mandalay cannot fulfill their wishes for some different reasons.

**ဦးအောင်သိန်းညွန့်**
**U Aung Thein Nyunt**

# ပြည်တွင်းသာသနာရေး သတင်းမှတ်တမ်း

လမင်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများထံမှ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဩဝါဒခံယူခြင်း




သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို သည် ဧပြီ ၄ ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်သံဃမဟာနာယကကျောင်းဆောင်၌ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ကြီးများထံမှ ဩဝါဒ ခံယူသည်။


နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသက ဩဝါဒကထာ

မိန့်ကြားရာတွင် "ဒကာတော်အပါအဝင် အုပ်ချုပ်မင်းလုပ်ကြသည့် ဒကာကြီးများ၊ ဒကာမကြီးများ စိတ်ချမ်းသာ ကိုယ်ချမ်းသာစွာဖြင့် သာသနာပြုလုပ်နိုင်ကြပါစေ၊ မင်းကောင်းမင်းမြတ်များဖြစ်ကြ၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ပါစေ။ နိုင်ငံသူ နိုင်ငံသားများလည်း စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် သာသနာ့အကျိုး၊ နိုင်ငံအကျိုးများကို ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းပေးအပ်ပါကြောင်း"
မိန့်ကြားသည်။

ယင်းနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသအား ဖူးမြော်ကြည်ညိုပြီး ဩဝါဒခံယူခဲ့သည်။ အလားတူ နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ သဃ်န်းကျွန်းမြို့နယ် မူလဆယ်တောင်ပြည့်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသထံမှလည်း ဩဝါဒခံယူခဲ့ကြောင်း သိရသည်။



## ထေရဝါဒဗုဒ္ဓသာသနာပြုရဟန်းတော်များ သင်တန်းအမှတ်စဉ်(၂၆)နှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေခံပညာပေးသင်တန်း အမှတ်စဉ်(၁၃) ဖွင့်ပွဲ အခမ်းအနားကျင်းပခြင်း



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ထေရဝါဒဗုဒ္ဓသာသနာပြုရဟန်းတော်သင်တန်းအမှတ်စဉ်(၂၆)၊ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေခံပညာသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဇမ္ဗူသီရိဗိမာန်တော်၌ ၂၀၁၆-ခုနှစ် မေလ(၁၆)ရက်၊ နံနက် ၉း၀၀ နာရီတွင် ကျင်းပခဲ့ရာ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဉတ္တရဉာဏာဘိဝံသ မဟာထေရ်၊ ထေရဝါဒသြဝါဒါစရိယဆရာတော်ကြီးများ၊ သင်တန်းနည်းပြဆရာတော်ကြီးများနှင့် သင်တန်းသားရဟန်းတော်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့်တာဝန်ရှိသူများတက်ရောက်ကြပါသည်။

ရှေးဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ



ဘဒ္ဒန္တဥတ္တရဉာဏာဘိဝံသမဟာထေရ်မြတ်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပါသည်။

ထို့နောက် ထေရဝါဒသြဝါဒစရိယအဖွဲ့၊ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာသွံသာရဆရာတော် ဘဒ္ဒန္တကုမာရမဟာထေရ်က သင်တန်းဖွင့်သြဝါဒကထာမြွက်ကြားတော်မူပါသည်။

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးစိုးမင်းထွန်းမှ သာသနာရေးဆိုင်ရာများကို လျှောက်ထားခဲ့ပါသည်။

ထို့နောက် ဆရာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြပြီး ထေရဝါဒဗုဒ္ဓသာသနာပြုသြဝါဒစရိယအဖွဲ့၊ အကျိုးတော်ဆောင်ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသထံမှ အနုမောဒနာရေစက်ချတရားနာယူကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

ထေရဝါဒဗုဒ္ဓသာသနာပြုရဟန်းတော်သင်တန်းအမှတ်စဉ်(၂၆)ကို (၁၆.၅.၂၀၁၆) မှ (၁၅.၆.၂၀၁၆)ထိ ဖွင့်လှစ်ပြီး သင်တန်းသားရဟန်းတော်(၃၈)-ပါး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

## သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတွင် ထုတ်ဝေရောင်းချလျက်ရှိသော မြန်မာ၊ အင်္ဂလိပ်ကျမ်းစာအုပ်များ

| No | Name of Book |
|---|---|
| ၁. | ဗုဒ္ဓဘာသာကောင်းတစ်ယောက် |
| ၂. | သဒ္ဓမ္မဇောတိကပဋ္ဌာန်း |
| ၃. | သဒ္ဓမ္မဇောတိက အဘိဓမ္မာ |
| ၄. | သဒ္ဓမ္မဇောတိက ပဋိစ္စသမုပ္ပါဒ် |
| ၅. | ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ |
| ၆. | ကပ္ပိယကောင်းတစ်ယောက် |
| ၇. | အလှူဒါနအမျိုးမျိုး |
| ၈. | သီလ(သို့) ကိုယ်ကျင့်တရား |
| ၉. | ဂုဏ်တော်(မြန်မာ) |
| ၁၀. | အမရပူရ |
| ၁၁. | သာသနာပြုအခြေခံကိုယ်ကျင့်တရား |
| ၁၂. | ဂေါပကနှင့်ဗုဒ္ဓဘာဏ္ဍာတော် |
| ၁၃. | ဘဝတန်ဖိုးမြှင့်ဩဝါဒကထာ |
| ၁၄. | အလိမ္မာပျိုးခင်း |
| ၁၅. | အမျိုးသားယဉ်ကျေးမှု |
| ၁၆. | ပေစာကျမ်းလာ မြန်မာ့ဆေးပညာ |
| ၁၇. | သပ္ပုရိသဝတ်ရွတ်စဉ် |
| ၁၈. | ဗုဒ္ဓနှင့် ဖြဟ္မဏ(ပုဏ္ဏား)တို့၏ လောကသဘာဝပြဿနာများ တွေ့ဆုံဆွေးနွေးမှု |
| ၁၉. | ဗုဒ္ဓဂေါတမနှင့် ဆွေတော်မျိုးတော်တို့၏ လောကဓမ္မပြဿနာဖြေရှင်းနည်း |

သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး
ဦးစီးဌာနတွင် ထုတ်ဝေရောင်းချလျက်ရှိသော
မြန်မာ၊ အင်္ဂလိပ်ကျမ်းစာအုပ်များ

**No** **Name of Book**

1. How to Live As a Good Buddhist Vol.I
2. How to Live As a Good Buddhist Vol.II
3. Teaching of the Buddha(Higher Vol.I)
4. Teaching of the Buddha (Higher Vol.II)
5. Ekaka Duka
6. Dhammapada (Thick)
7. Dhammapada (Thin)
8. Intro Dhammasaṅgaṇī
9. Dhammasaṅgaṇī
10. Mahāsatipaṭṭhāna
11. Mahāvagga saṁyutta
12. Uparipaṇṇāsa
13. Nidāna Saṁyutta
14. Khandhvagga Saṁyutta
15. The Nine Attributes of the Buddha
16. ပိဋကတ်သုံးပုံ CD ရှန်
17. Buddhism Hand Book
18. Pārājika Pāḷi
19. Mūlapaṇṇāsa
20. Basic Principle

ACA

ပညာရိပ်ငြိမ်

Since 1983

# ကိုယ်ပိုင်အထက်တန်းကျောင်း

မှတ်ပုံတင်အမှတ်-ကက-၁၃/၁၂/၀၀၉

http://www.aca-educentre.com



ခြံအမှတ် ၃၂၇/၁၊ မုဒိတာရင်ပြင်၊ ဥက္ကာ(၅)လမ်း၊ ၈/ရပ်ကွက်၊ ဆေးတက္ကသိုလ်(၂)ရှေ့၊ မြောက်ဥက္ကလာပမြို့။

Ph : 691123, 691979, 09 73242687, 09 5057071, 09 73019477